မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်၊ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၃၈)

ဗိုလ်တာဝန်အရေး (၃)ပါး

❖ ပြည်ထောင်စု မပြိုကွဲရေး။
❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆားဘီးယားနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျရောက်သော ဆားဘီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့ အခါသမယ၌ ဆားဘီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘောရစ်တာဒစ်ချ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မှတ်တမ်းတင် ဓာတ်ပုံရိုက်

နိုင်ငံတော် သမ္မတ ဦးသိန်းစိန်နှင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယ အတွင်းရေးမှူးချုပ် မစ္စတာ ဗီဂျေနမ်ဘီးယား ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဗီဂျေနမ်ဘီးယား ဦးဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဗီဂျေနမ်ဘီးယား ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ပကတိဖြစ်ပေါ်တိုးတက်မှုများ၊ မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။**(သတင်းစဉ်)**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်)

ဘဝကိုယ်စီ အလှကိုယ်စီ

လူ့လောကတွင် လူတိုင်းဘဝကိုယ်စီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အလှကိုယ်စီရှိရန် လိုအပ်သည်။ ဆင်းရဲချမ်းသာမဟူ၊ ရာထူးကြီးငယ်မဟူ အလှရှိမှ ဘဝတင့်ပေလိမ့်မည်။ "ကျုပ်တို့က ဘဝသမားပါဗျာ…၊ ဘယ်လိုလုပ်အလှရှိမှာတဲ့တုန်း" ဟု ဆိုချင်ဆို။ "ဘဝသမားတွေအတွက်တော့ အလှဆိုတာ ပြဒါးတစ်လမ်း၊ သံတစ်လမ်းပါပဲ" ဟု ပြောချင် ပြော။ ဘဝဟူသမျှကို အလှကိုယ်စီဖြင့် ခြယ်မှုန်းနိုင်သည်က အမှန်ဖြစ်၏။

မှန်ပေ၏။ ဤအလှသည် တစ်ခဏအလှကို ဆိုခြင်းမဟုတ်။ ထာဝရအလှကိုဆိုခြင်းသာဖြစ်၏။ မည်သည်တို့သည် တစ်ခဏအလှဖြစ်ပြီး မည်သည်တို့မှာထာဝရအလှဖြစ်သနည်းဟု အမေးရှိလျှင် အဖြေရှိ၏။ တစ်ခဏအလှသည်ကား အရေပြားပေါ်က အပြင်ပန်းအလှကိုဆိုခြင်းဖြစ်၏။ ဤအလှသည် ခဏအလှဖြစ်သလို အလှစစ်၊ အလှမှန်လည်းမဟုတ်ပေ။ "နုနယ်ပျိုမျစ်လှပခြင်းသည်ကား အိုမင်းရင့်ရော်ခြင်းသည် နောက်ဆုံးပါတကား" ဟူသော အလှမျိုးဖြစ်၏။

ယခုဆိုသည့်အလှသည် အခြားမဟုတ်။ မနောအလှ၊ စိတ်အလှဖြစ်၏။ ထိုအလှကို ထာဝရအလှဟု ဆိုသည်။ ခန္ဓာကိုယ်အရေပြားပေါ်ကအလှ အိုမင်းရင့်ရော် ရှုတ်တွချင် ရှုတ်တွနေပေလိမ့်မည်။ သို့သော် မနောလှနေမည်ဆိုလျှင် ထာဝရလှနေမည်သာဖြစ်၏။ ဤအလှသည်ကား လူတိုင်းလူတိုင်း၏ ကိုယ်ပိုင် အရင်းအနှီး ကိုယ်ပိုင်ဥစ္စာပင်ဖြစ်သည်။ ထိုအရင်းအနှီးကို နည်းမှန်လမ်းမှန် သုံးရန်သာလို၏။

"သမီးရယ်…၊ နင်ကလေ…ရုပ်ကလေးလှသလောက် အမြဲတမ်းစူပုပ်နေတာပဲ။ အလိုကိုမကျနိုင်ဘူး။ စိတ်ထားလေးဖြူစင်အောင်ထားမှပေါ့" စသည်ဖြင့်မိဘများက သားသမီးများအား လိမ္မာရေးခြားရှိစေရန် ဆိုဆုံးမလေ့ရှိသည်။ အမှန်စင်စစ် ရုပ်လှသလို စိတ်လည်းလှမည်ဆိုလျှင် အလှဆုံးလူသားဟုပင် ဆိုအပ်၏။ အချို့သောသူများသည် ရုပ်မလှဘဲအကျည်းတန်ကြ၏။ သို့သော် ထိုသူတို့ စိတ်သဘောထားအလွန်ကောင်းကြသဖြင့် စိတ်လှကြ၏။ အရုပ်ဆိုးအကျည်းတန်သော်လည်း စိတ်လှသဖြင့် ချစ်ခင်သူပေါ်များတတ်၏။

စိတ်ထားတတ်မှ မြတ်မည်ဟူသောစကားကို လူတိုင်းနီးပါး ကြားဖူးကြပေလိမ့်မည်။ မိမိကြီးပွားချမ်းသာသလို အများလည်းကြီးပွားချမ်းသာကြပါစေ၊ မိမိဝတ်နိုင်စားနိုင်သလို အများလည်းဝတ်နိုင်စားနိုင်ကြပါစေ၊ မိမိဘဝသာယာဖြောင့်ဖြူးသလို အများသူငှာတို့လည်း အဆင်ပြေကြပါစေ စသည့်စိတ်ထားအလှများ အစဉ်နှလုံးသွင်း မွေးမြူသင့်ပေသည်။

တစ်ခါက ဈေးသွားရင်း ဘတ်စ်ကားပေါ်တွင် ထိုင်ခုံလုထိုင်ခဲ့ရသည့်အဖြစ်ကို ပြန်ပြောင်းတွေးမိလေတိုင်း အရှက်ကြီးရှက်မိလေ၏။ မိမိသည်ကိုယ်ချင်းစာတရားနည်းပါးပြီး စိတ်ဓာတ်အလှ ဆုံးရှုံးနေပါသလားဟု ပြန်လည်သုံးသပ်မိ၏။ နောင်သောအခါ ထိုကဲ့သို့စိတ်ဓာတ်ခွန်အားအလှ မဆုံးရှုံးစေရန် တတ်နိုင်သမျှ ကြိုးစားမည်ဟု ခံယူဆုံးဖြတ်ထားသည်။

ယနေ့ခေတ်ကြီးသည် တိုးတက်ပြောင်းလဲလာသည့် ခေတ်နှင့်အညီ မိမိဘဝလှပရန်၊ မိမိဘဝ ဖွံ့ဖြိုးတိုးတက်ရန်၊ ထို့မှသည် နိုင်ငံဘဝ နိုင်ငံ့အလှတိုးတက်ရန် လူတိုင်း လောဘ၊ ဒေါသ၊ မောဟများ လျှော့ကြဖို့ လိုအပ်ပြီ။ ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို သနားတတ်သည့် မြတ်သော စိတ်အလှများ ဖွံ့ဖြိုးရန် လိုအပ်ပြီ။

သို့ဖြစ်ရာ လူတိုင်းလူတိုင်းသည် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတည်းဟူသော ဗြဟ္မစိုရ်တရား လေးပါးကို လက်ကိုင်ပြုလျက် လောကလူ့ဘောင် ကောင်းကျိုးသယ်ပိုးကြကာ ဘဝကိုယ်စီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှကိုယ်စီထားရှိရန် လိုအပ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

ဖျာပုံမြို့နယ်၌ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

ဖျာပုံ ဖေဖော်ဝါရီ ၁၄

(၆၅)နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ပြည်သူနှင့်စည်ပင်ပူးပေါင်းဆောင်ရွက်သည့် ဓနိတော(၁)လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က အဆိုပါမုခ်ဦးရှေ့၌ကျင်းပရာ ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှဝင်းဗိုလ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှငွေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဖောက်လုပ်ခဲ့

အဆိုပါ ကွန်ကရစ်လမ်းသစ်ကြီးမှာ အရှည် ပေ ၉၀၀၊ အကျယ် ၁၂ ပေဖြစ်ပြီး ပြည်သူများထည့်ဝင်ငွေကျပ် သိန်း ၁၀၀၊ စည်ပင်ထည့်ဝင်ငွေကျပ် ၁၄၈ သိန်းဖြင့် ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(အောက်ပုံ)** (ဝ၇၁)

လျှပ်စစ်ဓာတ်အား သုံးစွဲမှု သတိပြု

လျှပ်စစ်ဓာတ်အား သုံးစွဲရာတွင် လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ခြင်း (**Wire Shock**)၊ လျှပ်စစ်ဓာတ်အား မြင့်တက်ခြင်း (**Over Loading**)၊ ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းများအသုံးပြုခြင်း (**Use of Defective Tools and Applian**)၊ မီးအားထိန်းကိရိယာ (**Safe Guard**) ချွတ်ယွင်း၍ အလိုအလျောက် (**Auto**) ပြတ်မကျခြင်းတို့ကြောင့် မီးလောင်မှုများ စတင်ဖြစ်ပွားနိုင်ပြီး မလိုလားအပ်သော ဆုံးရှုံးမှုများဖြစ်ပွားနိုင်သဖြင့် လျှပ်စစ်ဓာတ်အား အသုံးပြုရာတွင် ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းများ၊ မီးကြိုးများ မသုံးစွဲကြရန်၊ စံချိန် စံညွှန်းနှင့် ကိုက်ညီသည့် လျှပ်စစ်ပစ္စည်းများကိုသာ သုံးစွဲကြရန်၊ လျှပ်စစ်ပစ္စည်းများကို မီးဒဏ်ခံနိုင်သော နေရာများတွင်သာ တပ်ဆင်၍ အနီးအနားတွင် မီးလောင်လွယ်သော ပစ္စည်းများမထားရှိစေရေး သတိပေးနှိုးဆော်အပ်ပါသည်။ (မီးသတ်ဦးစီးဌာန)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား အိန္ဒိယသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri သည် ဖေဖော်ဝါရီ ၁၃ ရက် ညနေ ၄ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်မည့် ပညာရေးဆိုင်ရာလုပ်ငန်းများ၊ ရန်ကုန်မြို့ ပြည်လမ်းရှိ အင်္ဂလိပ်ဘာသာစကား အမျိုးသားဗဟိုဌာနတွင် ပူးပေါင်းဖွင့်လှစ်ထားသော Myanmar-India Centre for English Language Training (MICELT)နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ် (လှိုင်)နယ်မြေတွင် ပူးပေါင်းဖွင့်လှစ်ထားသော Myanmar - India Entrepreneurship Development Centre (MIEDC) တို့၌ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာကိစ္စများကို ဆွေးနွေးညှိနှိုင်းကြပြီး သံအမတ်ကြီးက မန္တလေးတက္ကသိုလ်တွင်လည်း အလားတူပညာရပ်များကို ပူးပေါင်းဖွင့်လှစ်လိုကြောင်း ဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးက အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအေးကြူနှင့် ဦးဘရွှေ၊ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ငွေးနှင့် အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်းတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မဟာဗောဓိဓမ္မရုံသီမြစေတီတော်ကြီး ရွှေထီးတော်တင်လှူ

ညောင်လေးပင် ဖေဖော်ဝါရီ ၁၄

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့ လှည်းဆိပ်ရပ်ကွက်၌ တည်ထားကိုးကွယ်တော်မူသော မဟာဗောဓိဓမ္မရုံသီမြစေတီတော်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာနှင့် ရွှေထီးတော်တင်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက် နံနက်က ကျင်းပသည်။

အခမ်းအနားတွင် မဒေါက်မြို့ ပန်းငွေရုံပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုမနာဘိဝံသနှင့်သံဃာတော်အရှင်သူမြတ်တို့က မဟာဗောဓိဓမ္မရုံသီမြစေတီတော်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်လှူ ပူဇော်ကြသည်။ ထို့နောက် ဆရာတော်သံဃာတော် အရှင်သူမြတ်တို့အား ထီးတော်အလှူရှင်များဖြစ်ကြသော ရန်ကုန်မြို့နေ ဗိုလ်ကြီးခင်ဝင်း(ငြိမ်း)၊ ဇနီးဒေါ်မူမူမိသားစု၊ ဦးတင်အောင်စိုး၊ ဇနီး ဒေါ်ခိုင်ဝါဝါမိသားစုတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မင်္ဂလာအချိန်တွင် မဒေါက်မြို့ ပန်းငွေရုံဆရာတော်ကြီး ဦးဆောင်၍ အလှူရှင်မိသားစုတို့က ရွှေထီးတော်ကို တင်လှူပူဇော်ကြကြောင်း သိရှိရသည်။ (၁၃၈)

ကျုံပျော်မြို့နယ်၌ မီးစက်လှူဒါန်း

ကျုံပျော် ဖေဖော်ဝါရီ ၁၄

ကျုံပျော်မြို့နယ် ကညင်ဆိုင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲတွင် အသုံးပြုရန်အတွက် မီးစက်လှူဒါန်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲ ၂ နာရီက အဆိုပါကျေးလက်ကျန်းမာရေးဌာနခွဲ၌ ကျင်းပရာ အလှူရှင်ဦးခင်မောင်ဝင်း (အင်းရဲကြီးအင်းလုပ်ငန်းရှင်)က ငွေကျပ် ၄၁၀၀၀၀တန်ဖိုးရှိ မီးစက်နှင့်ဆက်စပ်ပစ္စည်းများကို တာဝန်ရှိသူများထံလှူဒါန်းခဲ့ကြောင်းသိရှိရသည်။ **(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)**

➤စာအုပ်စာပေ လူ့မိတ်ဆွေ➤

စက်သုံးဆီအရောင်းဆိုင်၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ကြည့်မြင်တိုင်မြို့နယ် မကျည်းတန်းတောင်အနောက်ရပ်ကွက် ပန်းပင်ကြီးလမ်းရှိ ယုဇနကုမ္ပဏီအုပ်စု၏ Petro Green စက်သုံးဆီအရောင်းဆိုင်၌ ဖေဖော်ဝါရီ ၁၁ ရက်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဟောပြောခြင်းနှင့်လက်တွေ့ မီးငြိမ်းသတ်နိုင်ရေးသရုပ်ပြပွဲ ကျင်းပရာ မြို့နယ်မီးသတ်စခန်းမှူး ဦးသန်းထက်အောင်က ပညာပေးဟောပြောပြီး မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်ကျော်နှင့်ဆိုင်ဝန်ထမ်းများအား လက်တွေ့မီးငြိမ်းသတ်နိုင်ရေးအတွက် သရုပ်ပြသခဲ့ကြကြောင်းသိရှိရသည်။ **(အောက်ပုံ)** (ဝ၄၂)

ရန်ကုန်ပညာရေးတက္ကသိုလ် ဘီအီးဒီပညာရေးဖောင်ဒေးရှင်း ပညာသင်ဆုပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ဉာဏ်ရည်မြင့်မားသော်လည်း ပညာဆက်လက်သင်ကြားရန် အခက်အခဲရှိသော ရန်ကုန်ပညာရေးတက္ကသိုလ်မှ ဘီအီးဒီ မျိုးဆက်သစ်ကျောင်းသားကျောင်းသူ ၃၀အား ဘွဲ့ရရှိသည်အထိ ပညာသင်ဆုချီးမြှင့်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၃ ရက် မွန်းလွဲ ၁နာရီက ရန်ကုန်ပညာရေးတက္ကသိုလ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆုများချီးမြှင့်

အခမ်းအနားတွင် ပါမောက္ခချုပ်နှင့် ဖောင်ဒေးရှင်းဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြသည်။ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ပညာသင်ဆုရ ပထမနှစ် လေးဦး၊ ဒုတိယနှစ် ခုနစ်ဦး၊ တတိယနှစ် ကိုးဦး၊ စတုတ္ထနှစ် ၁၀ဦးတို့အား ပါမောက္ခချုပ် ဒေါက်တာအောင်မင်းနှင့် ပါမောက္ခများ၊ ဖောင်ဒေးရှင်းအဖွဲ့ဝင်များက ပညာသင်ဆုများ ချီးမြှင့်ကြသည်။

အဆိုပါ ဘီအီးဒီပညာရေးဖောင်ဒေးရှင်းသည် ပညာသင်ဆုအဖြစ် တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းစီကို မျိုးဆက်သစ် ဘီအီးဒီကျောင်းသား ကျောင်းသူ ၃၀အား ဘီအီးဒီဘွဲ့ရသည်အထိ လစဉ် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(ပညာရေးဖောင်ဒေးရှင်း)**

ကုန်သည်/ စက်မှုအသင်းချုပ် ဥက္ကဋ္ဌ GMS-BF အစည်းအဝေးတက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင် (GMS-BF ဥက္ကဋ္ဌ)နှင့် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမိုးကျော်တို့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပသည့် Board of Director's Meeting of GMS-Business Forum သို့ တက်ရောက်ခဲ့ကြသည်။

ပြန်လည်ရောက်ရှိ

ထို့နောက် ယင်းနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရှိရသည်။ **(ကုန်သည်/စက်မှု)**

ရှင်းလင်းဆွေးနွေး

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung နှင့်အဖွဲ့၊ ဝက်လက်မြို့နယ် လိန်ပင်ကျေးရွာနှင့် သရက်ကြီးကျေးရွာတို့မှ လေ့လာရေးတောင်သူများအား ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုရှိ တောင်သူပညာပေးစက်မှုလယ်ယာစနစ်ဧက ၅၀၀ စိုက်ကွင်း၌ ရှင်းလင်းဆွေးနွေးစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် မာလာဝီသမ္မတနိုင်ငံတို့အကြား သံတမန်အဆက်အသွယ်ထူထောင်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် မာလာဝီသမ္မတနိုင်ငံတို့သည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါမူကြီးများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့နှင့်အညီ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကို ထူထောင်လိုသည့် ဆန္ဒရှိကြသည့် အားလျော်စွာ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှစတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ် ထူထောင်ကြသည်။

နှစ်နိုင်ငံ သံတမန်အဆက်အသွယ် ထူထောင်သည့် ပူးတွဲကြေညာချက်ကို အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် အိန္ဒိယနိုင်ငံဆိုင်ရာ မာလာဝီမဟာမင်းကြီးတို့သည် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် နယူးဒေလီမြို့၌ လက်မှတ်ရေးထိုးကြသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနှင့် သံတမန်ဆက်ဆံမှုတိုးချဲ့ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မာလာဝီသမ္မတနိုင်ငံသည် မြန်မာနိုင်ငံ၏ ၁၀၅ နိုင်ငံမြောက် သံတမန်ဆက်ဆံမှု ထူထောင်သည့်နိုင်ငံဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗီယက်နမ်-မြန်မာ စပ်မျိုးစပါးစိုက်ပျိုးရေးလုပ်ငန်းပူးပေါင်းဆောင်ရွက်နေကြသော စိုက်ခင်းများ

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဗီယက်နမ်သံအမတ်ကြီးတို့ ကြည့်ရှုအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၁၄

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung နှင့် ဗီယက်နမ် စိုက်ပျိုးရေးပညာရှင် Mr. Vuong Thanth Long(BIDV), Mr.Trinh Thanh, Mr.Tran Van Khoi (VIETTRANIMEX), Mr. Nguyen Cong Kien(Symco Song Da Co., Ltd.)၊ဝက်လက်မြို့နယ် လိန်ပင်ကျေးရွာနှင့် သရက်ကြီးကျေးရွာတို့မှ လေ့လာရေးတောင်သူ ၁၁ ဦးတို့နှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုရှိ တောင်သူပညာပေးစက်မှုလယ်ယာစနစ် ဧက ၅၀၀ စိုက်ကွင်းသို့ ရောက်ရှိပြီး အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်း၊ တစ်ဧကတင်း ၂၀၀ အထက် ထွက်ရှိမည့် ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့များအား နွေစပါးစိုက်ပျိုးရာသီချိန်အမီ တောင်သူများလက်ဝယ် အချိန်မီရောက်ရှိ ဖြန့်ဖြူးနိုင်ရေး ခေတ်မီမျိုးစေ့သန့်စင်စက်ဖြင့် မျိုးစေ့များရွေးချယ်သန့်စင်ခြင်းနှင့် စနစ်တကျထုပ်ပိုးပြင်ဆင်နေမှုကို ကြည့်ရှုကြပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာ-ဗီယက်နမ်ချစ်ကြည်ရေးအစီအစဉ်အတွက် စိုက်ပျိုးရေးကဏ္ဍများ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် မျိုးကောင်းမျိုးသန့်မျိုးစေ့များကို ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ တောင်သူများ မိရိုးဖလာစိုက်ပျိုးနေသော မျိုးများသည် စဉ်ဆက်မပြတ်စိုက်ပျိုးလာ၍ မျိုးဗီဇကျဆင်းကာ အရည်အသွေး၊ အထွက်နှုန်းများကျဆင်းလာသည့်အတွက် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲသုံးစွဲနိုင်ရေး စပ်မျိုးသစ်များ ထုတ်လုပ်ပေးခြင်းဖြစ်ကြောင်း၊ တောင်သူများဝင်ငွေနှစ်ဆ အမှန်တိုးတက်ရေး ယုံယုံကြည်ကြည်ဖြင့် စိုက်ပျိုးပြီး သိပ္ပံနည်းကျစိုက်နည်းစနစ်(၁၄)ချက်နှင့်အညီ ကျယ်ကျယ်ပြန့်ပြန့် လိုက်နာကျင့်သုံးဆောင်ရွက်ခြင်းအားဖြင့် ဝင်ငွေတိုးတက်ရရှိခံစားနိုင်မည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် စိုက်ကွင်းအတွင်း ဖြစ်ထွန်းအောင်မြင်လျက်ရှိသော ၅၀ ရက်သားရှိ ပုလဲသွယ်စပ်မျိုးစပါး စိုက်ခင်းများနှင့် သိုလှောင်ရုံအတွင်း၌ တောင်သူများထံသို့ ဖြန့်ဖြူးပေးရန် စနစ်တကျအသင့်ထုပ်ပိုးထားရှိသော စပ်မျိုးစပါးမျိုးစေ့အိတ်များကိုလည်းကောင်း၊ တောင်သူပညာပေး ဟင်းခင်းပဒေသာစိုက်ခင်း၊ ဗီယက်နမ်စပ်မျိုး၊ ပြောင်းချိုစိုက်ခင်း အောင်မြင်နေမှုများနှင့် စိုက်ခင်းမှထွက်ရှိသော ပြောင်းချိုဖူးများ၏ စားသုံးမှုအရည်အသွေး ကောင်းမွန်မှုကို လည်းကောင်း ကြည့်ရှုအားပေးကြသည်။

လက်ဆင့်ကမ်း

ယင်းနောက် ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာရှိ အဆင့်မြင့်လယ်ယာမြေ ၃၆၉ ဧက စိုက်ကွင်း၌ ဒေသခံတောင်သူများက ပုလဲသွယ်စပ်မျိုးစပါးများကို သိပ္ပံနည်းကျစိုက်နည်းစနစ်ပေါင်စနစ်ဖြင့် ပျိုးထောင်ကာ ချက်ချင်းနုတ်၊ ချက်ချင်းစိုက်စနစ်ဖြင့် အားကြိုးမာန်တက် စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးကြပြီး လေ့လာရေးတောင်သူများက စိတ်ပါဝင်စားစွာဖြင့် ပုလဲသွယ်စပ်မျိုးစပါးစိုက်ပျိုးခြင်း နည်းပညာများကို တောင်သူအချင်းချင်း လက်ဆင့်ကမ်းဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ် အောင်ချမ်းသာရွာ အဆင့်မြင့် လယ်ယာမြေ ၂၈၈ ဧကစိုက်ကွင်း၌ စက်မှုလယ်ယာစနစ်ဖြင့် ဧကကွက်များဖော်ထုတ်ပြီး တစ်ဆက်တစ်စပ်တည်း ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးရန် မြေပြင်ဆင်နေမှုများ၊ ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအနီးရှိ တောင်သူပညာပေး ဧက ၄၀ စိုက်ကွင်း၌ ပုလဲသွယ်စပ်မျိုးစပါးများ ဖြစ်ထွန်းအောင်မြင်နေမှု၊ ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာ အဆင့်မြင့်လယ်ယာမြေ ဧက ၁၀၀ ၌ ပုလဲသွယ်စပ်မျိုးစပါးလေးမျိုးအား မျိုးယှဉ်ပြိုင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လာရောက်လေ့လာကြသည့် တောင်သူလယ်သမားများနှင့် ဗီယက်နမ်သံအမတ်ကြီးနှင့်အဖွဲ့အား နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူလယ်သမားများ ဝင်ငွေတိုးတက်စေရေး ရည်မှန်းချက်ဖြင့် မျိုးကောင်းမျိုးသန့် မျိုးစေ့များ သုတေသနပြု ထုတ်လုပ်ဖြန့်ဖြူးပေးခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဈေးကွက်ဝင်သည့် အရည်အသွေးကောင်း ပုလဲသွယ် အထူးအထွက်တိုး စပ်မျိုးစပါးများ မျိုးစေ့ထုတ်ခြင်းနှင့် စိုက်ပျိုးခြင်းနည်းစနစ်များ လေ့ကျင့်သင်ကြားပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တောင်သူလယ်သမားများကိုယ်တိုင် စိတ်တူကိုယ်တူ ဆန္ဒတူ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် အချိန်တိုအတွင်း လယ်သမားများလူနေမှု အဆင့်အတန်းနှင့် ဝင်ငွေများတိုးတက်လာမည်မှာ မလွဲဧကန် ဖြစ်ကြောင်း၊ နိုင်ငံတော်၏ စေတနာကို သိရှိနားလည်ပြီး ညီညီညွတ်ညွတ်ဖြင့် တောင်သူများ မိမိတို့တစ်ဦးချင်း မိသားစုအကျိုးစီးပွားမှသည် တစ်နိုင်ငံလုံး စီးပွားရေးဖြစ်ထွန်းအောင် ပါဝင်ကြိုးစားကြရန် ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဗီယက်နမ် သံအမတ်ကြီးတို့သည် ဝက်လက်မြို့နယ်မှ လေ့လာရေးတောင်သူတစ်ဦးချင်းစီအား တစ်ဧကစီစိုက်ပျိုးနိုင်ရန်အတွက် ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့များကို ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘူတန်နိုင်ငံတို့အကြား သံတမန်အဆက်အသွယ်ထူထောင်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘူတန်နိုင်ငံတို့သည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါမူကြီးများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့နှင့်အညီ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကို ထူထောင်လိုသည့် ဆန္ဒရှိကြသည့် အားလျော်စွာ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ် ထူထောင်ကြသည်။

နှစ်နိုင်ငံ သံတမန်အဆက်အသွယ်ထူထောင်သည့် ပူးတွဲကြေညာချက်ကို ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်နှင့် ကုလသမဂ္ဂဆိုင်ရာ ဘူတန်အမြဲတမ်းကိုယ်စားလှယ်တို့သည် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် နယူးယောက်မြို့၌ လက်မှတ်ရေးထိုးကြသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနှင့် သံတမန်ဆက်ဆံမှု တိုးချဲ့ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဘူတန်နိုင်ငံသည် မြန်မာနိုင်ငံ၏ ၁၀၆ နိုင်ငံမြောက် သံတမန်အဆက်အသွယ် ထူထောင်သည့်နိုင်ငံဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ငှက်ဖျားရောဂါဖျှဖွေရေးတွင် ဓာတ်ခွဲလုပ်ငန်းသည် အဓိကအရေးကြီး ဓာတ်ခွဲဌာနအရည်အသွေးတိုးတက်အောင် အစဉ်လေ့ကျင့်သင်ကြား

နေပြည်တော် ဖေဖော်ဝါရီ ၁၄

လုပ်ငန်းအတွက် နိုင်ငံတော်က ခွဲဝေချထားငွေနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ ထောက်ပံ့ရရှိမှုများကို အကျိုးရှိမည့်နေရာများ၌သာ သုံးစွဲ၍ အလေအလွင့်မရှိအောင် ဂရုစိုက်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ ငှက်ဖျားရောဂါရှာဖွေရေးတွင် ဓာတ်ခွဲလုပ်ငန်းသည် အဓိကအရေးကြီးသည့်အတွက် အရည်အသွေးကို တိုးတက်အောင် အစဉ်လေ့ကျင့်သင်ကြားပေးကြစေလိုကြောင်း၊ ငှက်ဖျားရောဂါကုသမှုတွင် ဓာတ်ခွဲဌာန၏ အရည်အသွေး တိုးတက်စေရန် အမျိုးသားဓာတ်ခွဲဌာန၊ ရောဂါရှာဖွေရေးဌာနနှင့် သုတေသနဌာနများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများကို ဆက်လက်အားကိုးနေကြရမည် ဖြစ်ကြောင်းဖြင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီတွင် မန္တလေးမြို့ မန္တလေးတိုင်းဒေသကြီး ရပကန(ငှက်ဖျား)ရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး ငှက်ဖျားဆရာဝန်ကြီး ဒေါက်တာဇော်လင်းနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဓာတ်ခွဲခန်း စမ်းသပ်စစ်ဆေးမှုအခြေအနေ၊ ဝန်ထမ်းအိမ်ရာ၊ ဌာနပိုင်မြေနေရာ၊ မော်တော်ယာဉ် ဂိုဒေါင်၊ တိုင်းဒေသကြီး ရပကန(ငှက်ဖျား) အဖွဲ့ရုံးများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဗဟိုဆေးသိုလှောင်ရေးဌာနရုံးခန်း၌ တာဝန်ခံလက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်သန်းချိုနှင့် ဝန်ထမ်းများအား တွေ့ဆုံပြီး ထိုးဆေးဌာနစိတ်၊ ဆေးပြားဌာနစိတ်၊ ဆေးရည်ဌာနစိတ်၊ စခန်းထောက် သိုလှောင်ရေးဂိုဒေါင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၁၂ ရက်က (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အထက(၃)(အားကစားကွင်း)၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မင်း ဖတ်ကြားစဉ်။

(မြို့နယ် ပြန်/ဆက်)

ဖေဖော်ဝါရီ ၁၄ ရက်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်၌ မိုးပွင့်အဆင့်(၂) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်း (မိတ္တူ) ကွင်းဆင်းဆောင်ရွက်ပေးစဉ်။ (လဝက)

ပြည်ထောင်စုနေ့ ပင်းတယ၌ကျင်းပ

ပင်းတယ ဖေဖော်ဝါရီ ၁၄

ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီက မြို့မအားကစားကွင်း၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာကို ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ကိုယ်စား ဒေသဦးစီးအဖွဲ့ဝင် ဦးကိုကိုက ဖတ်ကြားကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း ဒုတိယဥက္ကဋ္ဌ အငြိမ်းစား ပါမောက္ခချုပ် ဦးမော်သန်းက "State Budget; Approaches, issues and implications in estimating revenue and expenditure" ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို ဖေဖော်ဝါရီ ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်သည်။ ဟောပြောပွဲတက်ရောက်ရန်အတွက် ဖေဖော်ဝါရီ ၂၂ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်း (အမှတ် ၁/၁၉ သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း၊ ပထမထပ်) သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကာ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း (ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသား သင်တန်းသူများအနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်း၊ နယ်မှ လာရောက်ရသူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံးခန်းဖုန်း- ၂၁၄၆၅၃ သို့ ကြိုတင်ဆက်သွယ်စာရင်း သွင်းနိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကိုဆိုဗို၌ ဆီးနှင်းပြိုကျ၊ ကိုးဦးသေဆုံး

ရက်စတယ်လီကာ ဖေဖော်ဝါရီ ၁၄

ကိုဆိုဗိုတောင်ပိုင်းရှိ ရက်စတယ်လီကာကျေးရွာတွင် တောင်စောင်းမှ ပြိုကျလာသော ဆီးနှင်းနှင့် ကျောက်တုံးကျောက်ခဲများကြောင့် လူနေအိမ်ခုနစ်လုံး ပိပြားသွားပြီး **(အောက်ပုံ)**အနည်းဆုံးလူကိုးဦးသေဆုံးခဲ့ကြောင်း ဖေဖော်ဝါရီ ၁၄ ရက်က အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

ရက်စတယ်လီကာကျေးရွာအတွင်း ဖေဖော်ဝါရီ ၁၂ ရက်က ပြိုကျလာသော ဆီးနှင်းနှင့်ကျောက်တုံးကျောက်ခဲများကြောင့် ပျက်စီးသွားသည့် နေအိမ်အပျက်အစီးအကျိုးအပဲ့များကို ကယ်ဆယ်ရေးလုပ်သားများက ရှင်းလင်းလျက်ရှိသည်။

အသက်ငါးနှစ်အရွယ်မိန်းကလေး၏အသံနှင့် ဖုန်းမြည်သံကြောင့် ဆီးနှင်းထု ၁၀မီတာအောက်မှ မိန်းကလေးအား ဖေဖော်ဝါရီ ၁၁ ရက်က အသက်ရှင်လျက် ဆွဲထုတ်ကယ်ဆယ်နိုင်ခဲ့သည်။ သို့သော်အဆိုပါမိန်းကလေး၏ မိဘနှစ်ပါးနှင့် အခြားဆွေမျိုးသားချင်း ခုနစ်ဦးတို့မှာ ပြိုကျလာသည့် ဆီးနှင်းများပိမိပြီး သေဆုံးခဲ့ကြရသည်။ **(အင်တာနက်)**

ငြိမ်းချမ်းရေးဥပဒေကြမ်း ဂရိပါလီမန်အတည်ပြု

အေသင် ဖေဖော်ဝါရီ ၁၄

ထောင်ပေါင်းများစွာသော ဂရိပြည်သူများက ခြိုးခြံချွေတာရေးအစီအစဉ်ကို ရက်လချီ၍ ကန့်ကွက်နေသည့်ကြားမှပင် အသုံးစရိတ် ဖြတ်တောက်မှုအစီအမံများပါဝင်သည့် ခြိုးခြံချွေတာရေးဥပဒေကြမ်းကို ဂရိပါလီမန်က အတည်ပြုလိုက်ကြောင်း ဖေဖော်ဝါရီ ၁၄ ရက်၌ အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ **(ယာပုံ)**

အတည်ပြု

ဂရိပါလီမန်၌ အမတ်ပေါင်း ၂၇၈ ဦးတက်ရောက်မဲပေးရာတွင် ထောက်ခံမဲ ၁၉၉ မဲ၊ ကန့်ကွက်မဲ ၇၄ မဲနှင့် ကြားနေမဲငါးမဲရှိကြောင်း၊ ဘဏ္ဍာရေးဝန်ကြီးဌာန၏ အဆိုပါဥပဒေကြမ်းကို အများစုထောက်ခံမဲဖြင့် အတည်ပြုလိုက်ကြောင်း ပါလီမန်လွှတ်တော် ဥက္ကဋ္ဌ ဖိလစ်ပိုင်ပက်ဆာလ်မိုကော့ခ်က ဖေဖော်ဝါရီ ၁၃ ရက် နံနက်၌ ကြေညာသည်။

ဥပဒေကြမ်းအတည်ပြုရေး၊ မပြုရေးပါလီမန်တွင်း၌ ဆွေးနွေးနေကြစဉ် ဖေဖော်ဝါရီ ၁၂ ရက်က ကန့်ကွက်သူ ၈၀၀၀၀ ကျော်တို့က ပါလီမန်အဆောက်အအုံအပြင်ဘက်တွင် ရောက်ရှိစုရုံးနေကြကြောင်း သိရှိရသည်။ **(အင်တာနက်)**

နီပေါနိုင်ငံ မြို့တော်ခတ္တမန္ဒူတွင် လေထုညစ်ညမ်းမှု တိုးမြင့်လျက်ရှိ

ခတ္တမန္ဒူ ဖေဖော်ဝါရီ ၁၄

ကမ္ဘာ့နိုင်ငံမြို့ပြများကြုံတွေ့ရင်ဆိုင်နေရသော အဓိကစိန်ခေါ်မှုပြဿနာတစ်ရပ်မှာ လေထုညစ်ညမ်းမှုပင်ဖြစ်ရာ ကမ္ဘာ့မြို့ပြများအနက် နီပေါနိုင်ငံ မြို့တော်ခတ္တမန္ဒူ၏လေထုညစ်ညမ်းမှုသည် ဆိုးရွားလျက်ရှိသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ခတ္တမန္ဒူမြို့တော်ကို ကမ္ဘာ့လေထုညစ်ညမ်းမှုအများဆုံးမြို့တော်အဖြစ် သတ်မှတ်ထုတ်ပြန်ထားသည်။ ခတ္တမန္ဒူမြို့တော် လေထုအတွင်း ဖုန်မှုန့်၊ မီးခိုးငွေ့ပါဝင်မှု (PM10)အဆင့်သည် တစ်စတုရန်းမီတာအတွင်း ၁၂၀ မိုက်ခရိုဂရမ်အထိရှိနေကြောင်း WHO အဖွဲ့ကြီး၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က (PM10)အဆင့်သည် တစ်စတုရန်းမီတာ အတွင်း ၂၀ မိုက်ခရိုဂရမ်သာရှိသင့်ကြောင်း စံသတ်မှတ်ထားသည်။

ထိုကဲ့သို့သော ခတ္တမန္ဒူမြို့တော်၏ လေထုညစ်ညမ်းမှုသည် မြေနိမ့်ချိုင့်ဝှမ်းနေဒေသခံများစွာ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကျန်းမာရေးပြဿနာများကြုံတွေ့ရပြီး ယင်းကဲ့သို့သောလူနာများ တိုးပွားလာစေလျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ခတ္တမန္ဒူရှိ အယ်ကာဆေးရုံမှဒီဟီရာဂျီက သူ့ထံသို့လာရောက်ကြသော လူနာအများစုတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာနှင့်လာရောက်ပြသကြသည့် လူနာဦးရေသည် အများဆုံးဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။ **(အင်တာနက်)**

၂၀၁၂ ခုနှစ် ဟောလိဝုဒ်၌ အလှပဆုံးနှင့် ဆွဲဆောင်မှုအရှိဆုံး ရုပ်ရှင်မင်းသမီးများ

မောင်မောင်မြင့်ဆွေ ရေးသားသည်

လော့အိန်ဂျလိစ် ဖေဖော်ဝါရီ ၁၄

ဟောလိဝုဒ်၏ ၂၀၁၂ ခုနှစ်အတွက် အလှပဆုံးနှင့်ဆွဲဆောင်မှုအရှိဆုံး အမျိုးသမီးသရုပ်ဆောင်များကို ဆန်းဒေးတိုင်းမ်အွန်လိုင်းက ပရိသတ်များ ဆန္ဒပေးမှုအလိုက် ကြိုတင်ရွေးချယ်ဖော်ပြလိုက်ရာ ဂျင်နီဖာလိုပက်ဇ်၊ ကမ်ကာဒါရှန်းနှင့် ဘီယွန်စီနိုးလက်စ်တို့ ထိပ်ဆုံးမှ အစဉ်လိုက်ဖော်ပြခံရကြောင်း ဖေဖော်ဝါရီ ၁၁ ရက်က သတင်းထုတ်ပြန်သည်။

ထိပ်ဆုံး၌ ရွေးချယ်ဖော်ပြခံရသည့်ဟောလိဝုဒ် ရုပ်ရှင်မင်းသမီး ဂျင်နီဖာလိုပက်ဇ်။

ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး ဂျင်နီဖာလိုပက်စ်သည် အသက် ၄၃ နှစ်အရွယ်ရှိပြီဖြစ်သော်လည်း လှပဆဲ၊ ဆွဲဆောင်မှုအပြည့်ရှိနေဆဲပင်ဖြစ်သည်။ ဂျေလိုဟု ပရိသတ်များက ချစ်စနိုးခေါ်တတ်ကြပြီး ၂၀၁၀ ခုနှစ်က ရိုက်ကူးခဲ့သောThe Back-upPlan ဇာတ်ကားတွင်သရုပ်ဆောင်မှုနှင့် ဝတ်စားဆင်ယင်မှုဒီဇိုင်းများကို ပရိသတ်များနှစ်သက်ခဲ့ကြသည်။ ၂၀၁၂ ခုနှစ်တွင်လည်း Re-cording ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်နေလျက်ရှိပြီး ကမ္ဘာပေါ်၌ အချမ်းသာဆုံး အမျိုးသမီးသရုပ်ဆောင် ၂၀ တွင် နဝမအကြိမ်မြောက် ငွေကြေးအချမ်းသာဆုံးဖြစ်သည်။

ဒုတိယမြောက် အလှပဆုံးနှင့်ဆွဲဆောင်မှုအရှိဆုံး ဟောလိဝုဒ်ရုပ်ရှင်မင်းသမီးမှာ ကမ်ကာဒါရှန်းပင်ဖြစ်သည်။ အသက် ၃၂ နှစ်အရွယ်အရှိပြီး မော်ဒယ်၊ သရုပ်ဆောင်နှင့် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သည်။ အဝတ်အထည်နှင့် ရေမွှေးထုတ်လုပ်သည့် လုပ်ငန်းရှင်တစ်ဦးလည်းဖြစ်ပြီး တစ်နှစ်လျှင် အနုပညာလုပ်ငန်းများမှ ဝင်ငွေ အမေရိကန်ဒေါ်လာခြောက်သန်းခန့် ရရှိနေသူဖြစ်သည်။ ၂၀၁၁ ခုနှစ် ဩဂုတ်လက ဘက်စကတ်ဘော ကစားသမား ခရစ်ဟမ်ဖရစ်နှင့်လက်ထပ်ပြီး ၇၂ ရက်အကြာ၌ ကွာရှင်းခဲ့သူဖြစ်သည်။ ညို့ဓာတ်ပါသော မျက်လုံးများနှင့် လှပသောအသားအရေကို ပိုင်ဆိုင်ထားသူ ရုပ်ရှင်မင်းသမီးလည်းဖြစ်သည်။

တတိယမြောက် အလှပဆုံးနှင့် ဆွဲဆောင်မှုအရှိဆုံး ဟောလိဝုဒ်ရုပ်ရှင်မင်းသမီးမှာ ဘီယွန်စီနိုးလက်စ်ပင်ဖြစ်သည်။ အသက် ၃၁ နှစ်အရွယ်ရှိပြီး ဆာရှာဟု ပရိသတ်များက ချစ်စနိုးခေါ်တတ်ကြသည်။ ရုပ်ရှင်သရုပ်ဆောင်၊ အဆိုတော်၊ သီချင်းရေးသူ၊ ထုတ်လုပ်သူစသည့် အနုပညာလုပ်ငန်းများကို အောင်မြင်စွာ လုပ်ကိုင်နေသူဖြစ်သည်။ ဖောဘတ်မဂ္ဂဇင်းကပြုစုထားသော ကမ္ဘာ့အလှဆုံးအမျိုးသမီး ၁၀၀ စာရင်းတွင် ထိပ်ဆုံးမှ ပါဝင်သူတစ်ဦးလည်းဖြစ်သည်။ ပရိသတ်များကို ဆွဲဆောင်နိုင်သူ ရုပ်ရှင်မင်းသမီးတစ်ဦးဖြစ်သည့်အပြင် ၂၀၁၂ ခုနှစ် ဇန်နဝါရီလက ထုတ်လုပ်ခဲ့သော တစ်ကိုယ်တော် တေးအယ်လ်ဘမ်ရောင်းချမှုမှ အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၄ သန်း ရရှိခဲ့သူလည်း ဖြစ်သည်။ **(အင်တာနက်)**

ဟောလိဝုဒ်၌ ဒုတိယအလှပဆုံးနှင့် ဆွဲဆောင်မှုအရှိဆုံး ရုပ်ရှင်မင်းသမီး ကမ်ကာဒါရှန်း။

ပတ်ဘလီဘိချ် ဂေါက်သီးပြိုင်ပွဲ ဖီးလ်မိုက်ကယ်ဆင် ဖလားဆွတ်ခူး

မြင့်မောင်စိုး - ရေးသားသည်

ကယ်လီဖိုးနီးယား ဖေဖော်ဝါရီ ၁၄

အမေရိကန်နာမည်ကြီးဂေါက်သီးကစားသမား ဖီးလ်မိုက်ကယ်ဆင်ဟာ ကယ်လီဖိုးနီးယားမှာကျင်းပတဲ့ ပတ်ဘလီဘိချ် (Pebble Beach) ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲမှာ စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၇ ချက်လျှော့ရိုက်ပြီး ဖလားဆွတ်ခူးသွားခဲ့ပါတယ်။ **(ယာပုံ)**

ဖီးလ်မိုက်ကယ်ဆင်ဟာ ဖေဖော်ဝါရီ ၁၃ ရက်က နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲမှာ ၆၄ ချက်ရိုက်ပြီး ရှစ်ချက်လျှော့ရိုက်နိုင်ခဲ့ပါတယ်။ သူဟာ ပထမမြောက်ကျင်းမှာ eagle တုတ်နဲ့ရိုက်ခဲ့ရာမှာ ဘာဒီသုံးကြိမ် ရခဲ့ပါတယ်။ တောင်ကိုရီးယားဂေါက်သီးကစားသမား ဝီကတော့ စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်သာလျှော့ရိုက်နိုင်ခဲ့ပြီး ဒုတိယနဲ့ပဲ ကျေနပ်ခဲ့ရပါတယ်။ သူဟာ နောက်ဆုံးနေ့က ပြိုင်ပွဲမှာ ၇၂ ချက်ရိုက်ခဲ့ပါတယ်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းပဒေသာအတိုအထွာ (၁၄-၂-၂၀၁၂)

➤ တင်မောင်လွင် – စုစည်းသည် ➤

ကမ္ဘာတစ်ဝန်း ငါးမန်းကိုက်ခံရမှုကြောင့်သေဆုံးသူမြင့်မားလာ ဖလော်ရီဒါသုတေသီများ လေ့လာတွေ့ရှိ

ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်က ကမ္ဘာတစ်ဝန်း ငါးမန်းတိုက်ခိုက်ခံရမှုကြောင့် လူတစ်ဒါဇင်ခန့် သေဆုံးခဲ့ကြောင်း၊ ယင်းသေဆုံးမှုသည် ဆယ်စုနှစ် နှစ်ခုနီးပါးတွင် အမြင့်ဆုံးအရေအတွက်ဖြစ်ခဲ့ကြောင်း မကြာသေးမီက ထုတ်ပြန်သည့် ဖလော်ရီဒါတက္ကသိုလ်မှ နိုင်ငံတကာငါးမန်းတိုက်ခိုက်ခံရမှုများဆိုင်ရာ စာရင်းဇယားများတွင် ဖော်ပြထားကြောင်း ဖေဖော်ဝါရီ ၁၄ ရက် အင်တာနက်သတင်းတွင် ပါရှိသည်။ ၂၀၁၁ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းအနည်းဆုံးလူ ၁၀၄ ဦး ငါးမန်းတိုက်ခိုက်ခံခဲ့ရကြောင်း၊ ယင်းအနက် ၁၂ ဦးမှာ ဆိုးဆိုးရွားရွားဖြစ်ပွားခဲ့ကြောင်း၊ အများစုမှာ အကြောင်းမဲ့တိုက်ခိုက်ခံရသည်ဟု ယူဆရကြောင်း၊ ၂၉ ဦးသော လူများမှာ စနောက်ရာမှ တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း ဖလော်ရီဒါတက္ကသိုလ်မှ သုတေသနပညာရှင်များက အတည်ပြုခဲ့သည်။ ၂၀၁၁ ခုနှစ်က အကြောင်းမဲ့ ငါးမန်းတိုက်ခိုက်ခံရသူ စုစုပေါင်း ၇၅ ဦးရှိခဲ့ပြီး ၂၀၁၀ ခုနှစ်က စုစုပေါင်း ၈၁ ဦးထက် အနည်းငယ် ပိုနည်းခဲ့ကြောင်း၊ ပြီးခဲ့သည့် ၂၀၀၁ မှ ၂၀၁၀ ခုနှစ်အကြား ပျမ်းမျှ ၄ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ခဲ့ရာ မကြာသေးမီနှစ်များကထက် ပိုမိုမြင့်မားခဲ့ကြောင်း အဆိုပါသုတေသနပညာရှင်များက သုံးသပ်ခဲ့ကြသည်။

အာဂျင်တီးနားတွင် လေယာဉ်ငယ်ပျက်ကျ၊ နှစ်ဦးသေဆုံး

အာဂျင်တီးနားနိုင်ငံအရှေ့ပိုင်း လယ်ကွင်းတစ်ခု၌ ဖေဖော်ဝါရီ ၁၂ ရက်က ခရီးသွားလေယာဉ်ငယ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါသူ အာဂျင်တီးနားလူငယ်နှစ်ဦးစလုံးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောကြားသည်။ အဆိုပါ လူငယ်နှစ်ဦးမှာ အသက် ၂၇ နှစ်အရွယ်ရှိ ဖာကန်ဒိုရစ်ချက်ဆိုသူနှင့် အသက် ၂၀ အရွယ်ရှိ လူကန်နိုဒီဒီအိုတို့ဖြစ်ကြပြီး ၎င်းတို့နှစ်ဦးသည် လာအစ္စလီတာဒေသအနီးသို့ တောတောင်သဘာဝနှင့် တောရိုင်းတိရစ္ဆာန်တို့အား လေ့လာရန်သွားရောက်စဉ် ယင်းသို့ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း၊ ဒီဒီအိုမှာ လေယာဉ်ပိုင်ရှင်တစ်ဦး၏သားဖြစ်ကြောင်း ၎င်းအရာရှိများက ပြောကြားသည်။ အဆိုပါ လေယာဉ်သည် အာဂျင်တီးနားနိုင်ငံ ဘူနော့မြို့မြောက်ဘက် ကီလိုမီတာ ၃၈၀ အကွာရှိ ဆန်ဆာလ်ဗာဒါမြို့ ကျေးလက်တောရွာတစ်ခုအနီး ယင်းနေ့ညနေပိုင်းက ပျက်ကျခဲ့ခြင်းဖြစ်သည်။

မက္ကဆီကိုနိုင်ငံ၏ လူဦးရေ ၅၀ ရာခိုင်နှုန်းနီးပါး ချို့တဲ့စွာနေထိုင်ရ

မက္ကဆီကိုနိုင်ငံတွင် အစားအသောက်ဈေးနှုန်းများ မြင့်မားလာခြင်းနှင့်အမျှ အခြားသောအခြေခံသုံးစွဲမှုစရိတ်များလည်း ဈေးကြီးလာမှုကြောင့် လက်ရှိနိုင်ငံလူဦးရေ၏ ၅၀ ရာခိုင်နှုန်းနီးပါးမှာ ဆင်းရဲချို့တဲ့စွာနေထိုင်ကြရကြောင်း လူမှုဖွံ့ဖြိုးတိုးတက်မှုတွက်ချက်ရေးနှင့် အမျိုးသားရေးကောင်စီအဖွဲ့မှ မကြာသေးမီက ထုတ်ပြန်သည့် လေ့လာချက်တစ်ရပ်တွင် ဖော်ပြထားကြောင်း ဖေဖော်ဝါရီ ၁၂ ရက်က အင်တာနက်သတင်း၌ ပါရှိသည်။ မက္ကဆီကိုနိုင်ငံတွင် ခန့်မှန်းခြေအားဖြင့် လူဦးရေ ၅၂ သန်းရှိပြီး အဆိုပါလေ့လာသုတေသနပြုချက်များအရ ယင်းလူဦးရေ၏ ၄၆ ဒသမ ၂ ရာခိုင်နှုန်းမှာ ဆင်းရဲချို့တဲ့စွာ နေထိုင်ရသူများဖြစ်ကြောင်း၊ ၂၀၀၈ခုနှစ်က အရေအတွက်နှင့်နှိုင်းယှဉ်လျှင် အနည်းဆုံး လူဦးရေ ၃ ဒသမ ၂ သန်းအထိတိုးလာသည့် လက္ခဏာရှိကြောင်း ယင်းအဖွဲ့၏ထုတ်ပြန်ချက်တွင်ပါရှိသည်။ အဆိုပါဆင်းရဲချို့တဲ့သူ အရေအတွက်တိုးလာခြင်းမှာ အစားအသောက်ဈေးနှုန်းများ မြင့်မားလာခြင်း၊ နေထိုင်သူများ၏ ပညာရေး၊ ကျန်းမာရေးစသော ဝန်ဆောင်မှုများကဲ့သို့ အခြားသောအခြေခံသုံးစွဲမှုစရိတ်များ မြင့်မားလာခြင်း၏အကျိုးဆက်များကြောင့်ဖြစ်သည်ဟု ဆိုသည်။ (အင်တာနက်)

ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများ မဲဆွယ်စည်းရုံးရာတွင် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ကြားဖြတ် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများအနေဖြင့် ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံး ဆောင်ရွက်ရာတွင် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြရန်လိုကြောင်း၊ ကော်မရှင်အနေဖြင့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရန် ဆောင်ရွက်ရာတွင် နိုင်ငံရေးပါတီများ၊ မဲဆန္ဒရှင်ပြည်သူများက ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်းဖြင့် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက ပြောကြားသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် ဦးညွန့်တင်က မဲစာရင်းပြုစုခြင်းနှင့် ကြိုတင်မဲပေးခြင်းဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ အတွင်းရေးမှူး ဦးဝင်းကိုက လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ကန့်ကွက်ခြင်း၊ ရုပ်သိမ်းခြင်း၊ မဲလက်မှတ်များ ပြုစုရိုက်နှိပ်ခြင်း၊ ဖြန့်ဝေပေးပို့ခြင်း၊ မဲစာရင်း မိတ္တူကူးယူခြင်းနှင့် ဘဏ္ဍာရေးဆိုင်ရာများကို လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ဆန္ဒမဲပေးခြင်း၊ ဆန္ဒမဲရေတွက်ခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများ၊ ရွေးကောက်ပွဲကန့်ကွက်လွှာဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကို ဆွေးနွေးမေးမြန်းကြသည်။

ဆွေးနွေးမေးမြန်းချက်များအပေါ် ကော်မရှင်အတွင်းရေးမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများ တွေ့ဆုံညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာဗီဂျေနမ်ဘီးယားနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

မြန်မာနိုင်ငံတွင် ရောက်ရှိနေသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာဗီဂျေနမ်ဘီးယားနှင့်အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ယနေ့နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား အနာဂတ်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **(ဝဲပုံ)**

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား အိန္ဒိယနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri သည် ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး **(ယာပုံ)** အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ အခန်းကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကိုကိုဦး၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မင်းအောင်နှင့် မန္တလေးကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမီမီသက်သွင်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လာရောက်လှူဒါန်း

(၆၅) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၁၂ ရက်က ကမာရွတ်မြို့နယ် အမှတ် (၃) ရပ်ကွက် ပညာ့အလင်းစာကြည့်တိုက်၌ စာအုပ်လှူဒါန်းပွဲကျင်းပရာ စာကြည့်တိုက်ဖြစ်မြောက်ရေး ကော်မတီသို့ မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးထက်လင်းနိုင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းအေးတို့က သုတ၊ ရသ စာအုပ်များ လှူဒါန်းစဉ်။ (၁၆၇)

မြန်မာ့အလင်း **သဘာဝဘေးသတင်း**

ရုရှား၌ ဆီးနှင်းများကျဆင်းမှုကြောင့် ယခုနှစ်အတွင်း ၂၁၅ ဦးသေဆုံး

ချိုချိုပြုံး-ရေးသားသည်

မော်စကို ဖေဖော်ဝါရီ ၁၄

ရုရှား၌ ဆီးနှင်းများဆိုးရွားစွာ ကျဆင်းခဲ့ရာ ၂၀၁၂ ခုနှစ်အတွင်း လူပေါင်း ၂၁၅ ဦးသေဆုံးခဲ့ပြီး ၅၅၀၀ ကျော် ဒဏ်ရာရခဲ့ကြောင်း ဖေဖော်ဝါရီ ၁၂ ရက်၌ ရုရှားကျန်းမာရေးနှင့် လူမှုရေးရာဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။

အအေးလွန်ကဲမှုများကြောင့် ကလေးငယ် ၅၂ ဦး အပါအဝင် လူပေါင်း ၃၃၈၂ ဦးတို့အား ဆေးရုံသို့ တင်ပို့ထားရကြောင်း ၎င်းသတင်း၌ ဖော်ပြသည်။

ပြီးခဲ့သည့် သီတင်းပတ်က ရုရှားနိုင်ငံရှိ ဒေသ ၆၀ခန့်တွင် အအေးဒဏ်လွန်ကဲမှုကို ခံစားခဲ့ရကြောင်း၊ ရုရှားနိုင်ငံ၏ တောင်ပိုင်းအစွန်အဖျားဒေသများတွင်လည်း အအေးလွန်ကဲမှုကြောင့် အပူပေးစက်များဖြင့် အနွေးရရှိရန် ပြုလုပ်နေရကြောင်း၊ ယခုအခါ အပူချိန် အနုတ် ၂၀ဒီဂရီဆဲလ်စီးရပ်စ်အထိ ကျဆင်းနေဆဲဖြစ်ကြောင်း သိရသည်။

မော်စကိုမြို့ အနီးဝန်းကျင်တွင် ဖေဖော်ဝါရီ ၁၃ ရက် နံနက်ပိုင်း၌ အပူချိန် အနုတ် ၃၅ ဒီဂရီဆဲလ်စီးရပ်စ်အထိ ကျဆင်းခဲ့ရာ ဆယ်စုနှစ်တစ်စုအတွင်း အအေးဆုံးဖြစ်ခဲ့သည်ဟု သိရသည်။ **(အင်တာနက်)**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဦးစံညွန့်လမ်း အမှတ် ၆ နေ ဦးဝင်းမောင်နှင့် ဇနီး ဒေါ်မင်းမင်းသွယ် မိသားစုက မိဘများဖြစ်ကြသော ဦးအုံးကြိုင်-ဒေါ်မြင့်မြင့်တို့အားရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေး လမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြိုး လက်ခံစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

သင့်ကြောင့် ယာဉ်တိုက်မှုမဖြစ်ပါစေနှင့်

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား အိန္ဒိယနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri သည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌လာရောက်တွေ့ဆုံပြီး **(အပေါ်ပုံ)** စစ်ကိုင်းတိုင်းဒေသကြီးတွင် ဖြစ်ထွန်းလျက်ရှိသည့် ထုံးကျောက်များကို အသုံးပြုလျက် ဘိလပ်မြေစက်ရုံတည်ဆောက်ရေး၊ စက်ရုံအတွက် လိုအပ်သည့်စွမ်းအင်များ ရရှိရေးတို့အတွက် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လိုသည့် သက်ဆိုင်သည့်ကုမ္ပဏီမှ Technical Team စေလွှတ်၍ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရေးနှင့်ပတ်သက်ပြီး ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် သတ္တုတွင်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား နော်ဝေးနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား မြန်မာနိုင်ငံဆိုင်ရာနော်ဝေးနိုင်ငံသံအမတ်ကြီး H.E. Mrs. Katja Christina Nordgaard နှင့်နော်ဝေးနိုင်ငံမှ TELENOR ကုမ္ပဏီအဖွဲ့သည် ယနေ့တွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနအနေဖြင့် ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် အသုံးပြုနိုင်ရန်အတွက် GSM / UMTS မိုဘိုင်းစနစ်ကို ပြည်တွင်းပုဂ္ဂလိက ကုမ္ပဏီများနှင့် ပူးပေါင်း၍ တိုးချဲ့တပ်ဆင်တည်ဆောက်လျက်ရှိပါကြောင်း၊ တစ်ချိန်တည်းမှာပင် ဆက်သွယ်ရေးဆိုင်ရာ ဥပဒေများကိုလည်း ခေတ်နှင့်လျော်ညီသော ဥပဒေများဖြစ်အောင် ပြုပြင်ရေးဆွဲလျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

နော်ဝေးသံအမတ်ကြီးက နော်ဝေးနိုင်ငံ၌ GSM မိုဘိုင်းစနစ်ကို ဦးစွာသုံးစွဲခဲ့သဖြင့် GSM မိုဘိုင်းနည်းပညာနှင့် ဆက်သွယ်ရေးဆိုင်ရာ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် နည်းပညာပိုင်းတို့တွင် များစွာ အတွေ့အကြုံရှိပြီး ဖြစ်ပါကြောင်း၊ ဥပဒေနှင့်လုပ်ထုံးလုပ်နည်းများ ခိုင်မာမှ ပုဂ္ဂလိကကဏ္ဍပါဝင်မှုနှင့်အတူ အရည်အသွေးပြည့်မီအောင် ထိန်းသိမ်းနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍လည်းကောင်း၊ နည်းပညာ အတွေ့အကြုံနှင့်ပတ်သက်၍လည်းကောင်း အတွေ့အကြုံများကို မျှဝေပေးလိုပါကြောင်းဖြင့် ပြောကြားသည်။ ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုအတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် အသေးစိတ်ဆွေးနွေးလိုပါကြောင်း ပြောကြားသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် နော်ဝေးနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ TELENOR ကုမ္ပဏီအဖွဲ့တို့သည် ဆက်သွယ်ရေးဆိုင်ရာ ဥပဒေပိုင်း၊ လုပ်ထုံးလုပ်နည်းပိုင်းနှင့် နည်းပညာဆိုင်ရာများကို ဖေဖော်ဝါရီ ၁၅ ရက်တွင် ထပ်မံဆွေးနွေးကြမည် ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

လာရောက်တွေ့ဆုံ

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား မြန်မာနိုင်ငံဆိုင်ရာ နော်ဝေးနိုင်ငံသံအမတ်ကြီး H.E. Mrs. Katja Christina Nordgaard နှင့် နော်ဝေးနိုင်ငံမှ TELENOR ကုမ္ပဏီအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး စီမံဆောင်ရွက် အရည်အသွေးမီဆန်များ ကြိတ်ခွဲထုတ်လုပ်နိုင်ရေး ခေတ်မီဆန်စက်များတည်ဆောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးတို့သည် ဖေဖော်ဝါရီ ၁၂ ရက် မွန်းလွဲပိုင်းတွင် ရွှေဘိုမြို့ရှိ ရန်ကြီးအောင်ခန်းမ၌ ကျင်းပသည့် ရွှေဘိုရာဇာ စိုက်ပျိုးပို့ကုန်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် (ဆန်အထူးပြု)မှ ရွှေဘိုမြို့နယ် ချီပါပလိုင်းကျေးရွာအုပ်စုများရှိ တောင်သူများသို့ နွေစပါးစိုက်ပျိုးစရိတ်နှင့် သွင်းအားစုများ ပံ့ပိုးပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး **(ယာပုံ)**က အမှာစကားပြောကြားရာ၌ နိုင်ငံတော်၏ အဓိကသီးနှံဖြစ်သော ဆန်စပါးကို ဈေးကွက်ဝင် အရည်အသွေးမြှင့်တင်နိုင်ရန်အတွက် ရေမြေဒေသနှင့် ကိုက်ညီပြီး ပြည်တွင်းပြည်ပဈေးကွက်ဝင် မျိုးကောင်းမျိုးသန့်များ ရွေးချယ်ခြင်း၊ နည်းစနစ်မှန်ကန်စွာ ပံ့ပိုးစိုက်ပျိုးထုတ်လုပ်ခြင်း၊ တန်ဖိုးမြှင့် သန့်စင်ချောထုတ်လုပ်နိုင်သည့် နိုင်ငံတကာနှင့် ပြည်တွင်းပြည်ပ ချိတ်ဆက် ရောင်းဝယ်နိုင်သော အထူးပြုကုမ္ပဏီများကို ၂၀၀၉ခုနှစ်မှ စတင်၍ ဖွဲ့စည်းထူထောင်ခဲ့ပါကြောင်း၊ ယနေ့အထိ ဆန်စပါးအထူးပြုကုမ္ပဏီများဖွဲ့စည်းပြီးစီးမှုမှာ ၅၃ ခုဖြစ်ပြီး ပဲမျိုးစုံ အထူးပြုကုမ္ပဏီ ၂၂ ခု၊ စိုက်ပျိုးရေး အထူးပြုကုမ္ပဏီ တစ်ခု ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ နောင်ထပ်မံ၍ ဆန်စပါးအထူးပြုကုမ္ပဏီ ရှစ်ခု၊ ပဲမျိုးစုံအထူးပြုကုမ္ပဏီ ငါးခုနှင့် စိုက်ပျိုးရေးအထူးပြုကုမ္ပဏီ တစ်ခုတို့ကို ဖွဲ့စည်းရန်ဆောင်ရွက်လျက် ရှိပါကြောင်း၊ နိုင်ငံတော်သည် ဆန်စပါး၊ ပဲမျိုးစုံနှင့် လယ်ယာထွက်ကုန် ပို့ကုန်သီးနှံများနှင့် ပတ်သက်ပြီး စုပေါင်းဖွဲ့စည်းထားသည့် အထူးပြုကုမ္ပဏီများ ခိုင်မာမှုရှိအောင် ထောက်မပေးပြီး လိုအပ်သောကြပ်မတ်ပေးမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း။

အထူးပြုကုမ္ပဏီများအနေဖြင့်လည်း တောင်သူလယ်သမားလက်ဝယ်သို့ အတိုးနှုန်းနည်းနည်းဖြင့် ငွေချေးပေးရေး၊ ထွက်ရှိလာမည့် သီးနှံများကို တောင်သူလယ်သမားများက ဈေးနှုန်းမှန်မှန်ကန်ကန်ဖြင့် လွတ်လပ်စွာ ရောင်းချစေနိုင်ရေး၊ ထုတ်ချေးငွေအပေါ် တောင်သူလယ်သမားများကသီးနှံ(သို့မဟုတ်)ငွေကြေး ကြိုက်နှစ်သက်ရာဖြင့် ပြန်လည်ပေးဆပ်နိုင်ရေး၊ စိုက်ပျိုးထုတ်လုပ်မှုပိုင်းတွင် လိုအပ်သော ကူညီပံ့ပိုးမှုများ ပြုလုပ်ပေးရေးတို့ကို ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ အထူးပြုကုမ္ပဏီများသည် သက်ဆိုင်ရာဒေသအာဏာပိုင်၏ ခွင့်ပြုချက်ဖြင့် စနစ်တကျတင်ပြ၍ တိုးချဲ့ဖော်ထုတ်လုပ်ကိုင်နိုင်သော်လည်း တောင်သူလယ်သမားများ၏ မြေယာများသိမ်းယူခြင်း၊ သီးစားချခြင်းစသည့်ကိစ္စများအား ရှောင်ရှားရမည် ဖြစ်ပါကြောင်း။

ဆန်စပါးနှင့် ပဲမျိုးစုံအထူးပြုကုမ္ပဏီများသည် ရှေးယခင်က ကုန်သည်၊ ပွဲစားများ လုပ်ဆောင်သကဲ့သို့ ပင်ထောင်ပေး၊ အလှမ်းပေး၊ ကြိုပေး၊ ငွေကြေးပေးရုံ သက်သက်သာ ဆောင်ရွက်မှုမဟုတ်ဘဲ ပြည်တွင်းပြည်ပဈေးကွက်ဝင် အရည်အသွေးကောင်း၊ မျိုးကောင်း၊ မျိုးသန့် ပြောင်းလဲစိုက်ပျိုးနိုင်ရန် မျိုးဖြန့်ဖြူးပေးခြင်း၊ မျိုးကောင်း မျိုးသန့်ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးတို့ကိုစီမံဆောင်ရွက်ခြင်း၊ ဓာတ်မြေဩဇာ၊ လယ်ယာသုံးစက်ကိရိယာများကို ဈေးနှုန်းသက်သာစွာ ပြည်ပမှဝယ်ယူတင်သွင်း ဖြန့်ဖြူးပေးခြင်း၊ ဆန်ကြိတ်ခွဲမှုတွင် အရည်အသွေးမီဆန်များ ကြိတ်ခွဲထုတ်လုပ်နိုင်ရေးအတွက် ခေတ်မီဆန်စက်များတည်ဆောက်ခြင်း၊ စက်အစိတ်အပိုင်းများ ပြောင်းလဲတပ်ဆင်ခြင်းများ ဆောင်ရွက်သွားရန်လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆင်းရဲမှုလျှော့ချရေးအတွက် ဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့် အထူးပြုကုမ္ပဏီများအနေဖြင့်လည်း တောင်သူများသို့ အရင်းအနှီး၊ နည်းပညာနှင့် ထွက်ရှိလာသော ကောက်ပဲသီးနှံများ ဈေးကောင်းရရှိရန်အတွက် ထောက်ပံ့၊ ပံ့ပိုးစီစဉ်ပေးသွားရမည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရွှေဘိုရာဇာ စိုက်ပျိုးပို့ကုန်ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် (ဆန်အထူးပြု) မန်နေဂျင်းဒါရိုက်တာ ဦးမျိုးထွေးက အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်တို့နှင့်အတူ တောင်သူများသို့ နွေစပါးစိုက်ပျိုးစရိတ်များ ပေးအပ်ပြီး ရွှေဘိုရာဇာစိုက်ပျိုးပို့ကုန်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်(ဆန်အထူးပြု)နှင့် ဖားမားဖိုးရာဇာ ကုမ္ပဏီလီမိတက်တို့ပူးပေါင်း၍ မူးမြစ်ကူး(ရန်ကြီးအောင်)တံတား တည်ဆောက်ရန်အတွက် အလှူငွေ ကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းသည်။ အဆိုပါ နွေစပါးစိုက်ပျိုးစရိတ်နှင့် သွင်းအားစုများ ပံ့ပိုးပေးအပ်ပွဲ အခမ်းအနားတွင် ရွှေဘိုမြို့နယ် ချီပါပလိုင်း ကျေးရွာအုပ်စုများရှိ တောင်သူများအတွက် လယ်တစ်ဧကလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ငွေကျပ်သိန်း ၂၅၀၀ ပံ့ပိုးပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လမ်း၊ တံတားလုပ်ငန်းများ ကောင်းမွန်အောင်ကြိုးပမ်း မိုးမကျမီပြီးစီးရေး စက်ယန္တရားများဖြင့်ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ် (တံတား)၊ ရန်ကုန်တောင်ပိုင်းခရိုင် အင်ဂျင်နီယာမှူးနှင့် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ လုပ်ငန်းများအား သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှေးဦးစွာ ကော့မှူး-ထန်းမနိုင်- ဝါးဘလောက်- သမင်ခြံ- သရက်တောလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ပွင့်လင်းရာသီအတွင်း လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန်၊ လမ်း၊ တံတားလုပ်ငန်းများ တိုးတက်ကောင်းမွန်အောင် စနစ်တကျဆောင်ရွက်ရန်နှင့် မိုးမကျမီ လုပ်ငန်းများပြီးစီးရေး စက်ယန္တရားများဖြင့် ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ သမင်ခြံကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လျက်ရှိသော လမ်း၊ တံတားလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး ဒေသခံပြည်သူတို့၏ လမ်း၊ တံတားဆိုင်ရာ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ထန်းတပင်ကျေးရွာနှင့်ထန်းမနိုင်ကျေးရွာရှိ ရွှေကျောင်းတိုက်ဘုန်းတော်ကြီးကျောင်း၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ဒေသခံပြည်သူများ၏ လမ်း၊ တံတားနှင့်ပတ်သက်၍ တင်ပြချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၄ ရက်က ကျင်းပရာ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသော စတုတ္ထတန်းမှ မောင်စိုင်းအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်စန္ဒာလွင် ဆုချီးမြှင့်စဉ်။ (၀၂၃)

တိုင်းရင်းဆေးနှင့် သွားနှင့်ခံတွင်း ကျန်းမာရေး

တိုင်းရင်းဆေးဝါးဆိုသည်မှာ လူတို့၏ပတ်ဝန်းကျင်နှင့် နီးကပ်ဆက်စပ်လျက်ရှိသော သဘာဝပစ္စည်းများကို ကျန်းမာရေးအတွက် အသုံးပြုကြသော ဆေးဝါးများဟု ဆိုနိုင်ပါသည်။ သဘာဝပစ္စည်းများတွင် အထူးသဖြင့် သစ်ပင်ကြီးငယ်အမျိုးမျိုးတို့၏ တစ်ပင်လုံးဖြစ်စေ၊ အစိတ်အပိုင်းများဖြစ်စေ၊ ဆေးဝါးအဖြစ် အများဆုံးအသုံးပြုကြပါသည်။ သဘာဝပရဆေးပစ္စည်းမျိုးစုံပါဝင်ဖော်စပ်သော တိုင်းရင်းဆေးဝါးကို Traditional Medicine ဟု ခေါ်ဆိုရေးသားကြပြီး သစ်ပင်နှင့်သစ်ပင်ထွက်ပစ္စည်းများကိုသာ ဖော်စပ်သည့်ဆေးဝါးများကို Herbal Medicine ဟု သတ်မှတ်ရေးသားလေ့ရှိကြပါသည်။

တိုင်းရင်းဆေးဖုံများသည် ပရဆေးပင်များကို အဓိကအင်အားပြု ဖော်စပ်ထားခြင်းကြောင့် Traditional Medicine နှင့် Herbal Medicine တို့အကြား ကွာခြားမှုအနည်းငယ်သာရှိသည်ဟု ဆိုနိုင်ပါသည်။ ပရဆေးပင်များမပါဝင်သည့် ဥပမာ-ဓာတ်ဆားများ၊ တိရစ္ဆာန်ထွက်ပစ္စည်းများကိုသာ ဖော်စပ်သည့် Traditional Medicine များကိုတော့ Herbal Medicine ဟု မခေါ်ဆိုနိုင်ပါ။ Herbal Medicine ဟု သတ်မှတ်ထားသော ပရဆေးပင်၊ ဆေးဝါးများသည် လူသားတို့နှင့် တစ်ဆက်တစ်စပ်တည်း ပေါ်ပေါက်လာခဲ့ဟန်ရှိသည်ဟု ဆိုနိုင်ပါသည်။

လူတို့၏ဘဝ ဆင့်ကဲဖြစ်စဉ်များတွင် အနီးကပ်ဆုံးရှိ သစ်ပင်များကို တစ်နည်းနည်းနှင့် အသုံးချခဲ့ကြပေလိမ့်မည်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရကြောင့် နာမကျန်းဖြစ်တတ်သော အခြေအနေမျိုးတွင် ရနိုင်လွယ်သည့် သစ်ပင်များကိုသာ စမ်းသပ်မှီဝဲကြရင်းဖြင့် ဆေးဖက်ဝင်အပင်တို့၏ အာနိသင်ကို သိရှိသတ်မှတ်လာကြပြီး Herbal Medicine အဖြစ် ပေါ်ပေါက်လာခဲ့သည်ဟု ယူဆနိုင်ပါသည်။ သို့ဖြစ်၍ တိုင်းရင်းဆေးပင်ဆေးဝါးတို့ကို ရှေးဦးလူသားတို့ မျိုးဆက်အဆင့်ဆင့် မှီဝဲလာကြရင်း အမွေအနှစ်အဖြစ်ထားခဲ့ကြရင်း ထိုတိုင်းရင်းဆေးပင်/ဆေးဝါးတို့သည် လူတို့၏ကျန်းမာရေးကို စောင့်ရှောက်နေကြသည်မှာ အငြင်းပွားဖွယ်ရာမရှိပါ။

အနောက်တိုင်းဆေးဝါးများ ဖြစ်ထွန်းခေတ်မီဖွံ့ဖြိုးလာသည့်ကာလများတွင် လူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် မှီခိုရွေးချယ်စရာ အခွင့်အလမ်းနှစ်သွယ် ရရှိလာကြသည်။ ဤသို့အားဖြင့် Western Medicine or Modern Medicine နှင့် Traditional and Herbal Medicine or Alternative Medicine ဟူ၍ ဖြစ်လာကြသည်။ အနောက်တိုင်းဆေးများက သက်သေပြ အထောက်အထားများနှင့် အားသာချက်ရှိသဖြင့် ပိုမိုမှီဝဲမှုပြုခဲ့ကြသည်။ သို့ရာတွင် တိုင်းရင်းဆေးဝါးကို ယုံကြည်မှီဝဲသူများကလည်း စဉ်ဆက်မပြတ်ရှိခဲ့ချည်းသာ ဖြစ်ပါသည်။ ယနေ့ခေတ်ကာလကို သတိပြုမိလိုက်လျှင် Traditional / Herbal Medicine များကလည်း ဖွံ့ဖြိုးတိုးတက်လာပြန်သည်။ အနောက်တိုင်းဆေးများကို လွှမ်းမိုးသွားသည်မဟုတ်ဘဲ သူ့အခန်းကဏ္ဍနှင့်သူ ကျယ်ပြန့်ဖွံ့ဖြိုးလာသည်ကို တွေ့နိုင်ကြမည်ဖြစ်ပါသည်။ ယင်းသို့လေ့လာသည့်အခါတွင် လူတို့၏ အထွေထွေရောဂါများတွင် တိုင်းရင်းဆေးများသုံးစွဲနေကြရာမှ သွားနှင့်ခံတွင်း ကျန်းမာရေးအတွက် တိုင်းရင်းဆေးသုံးစွဲနေပုံများနှင့် တိုင်းရင်းဆေးပင် သုတေသနလုပ်ငန်းများကို ဆန်းစစ်ကြည့်မိပါသည်။

သိပ္ပံသုတေသီတစ်ဦးဖြစ်သော Enzo A.Palombo (2011) က ခြုံငုံလေ့လာသုံးသပ်ထားသော "သွားနှင့်ခံတွင်းရောဂါများကို ဖြစ်ပေါ်စေနိုင်သောဗက်တီးရီးယားပိုးမွှားများအပေါ်တွင် အာနိသင်ရှိသည့် တိုင်းရင်းဆေးပင် အဆီအနှစ်များနှင့် သဘာဝပစ္စည်းများ၊ သွားနှင့်ခံတွင်းရောဂါများ ကာကွယ်ရေးနှင့် ကုသရေးအတွက် ထိရောက်စွာအသုံးပြုနိုင်ရေး" ဆိုသည့် review article တစ်ခုကို စိတ်ဝင်စားဖွယ်ဖတ်ရှုလေ့လာခွင့်ရခဲ့ပါသည်။ ၎င်းက သုံးသပ်ထားသည်မှာ "သွားနှင့်ခံတွင်းဆိုင်ရာ ရောဂါများသည် ကမ္ဘာနှင့်အဝန်း အဓိကကျန်းမာရေး ပြဿနာတစ်ခုဖြစ်နေသည်။ သွားနှင့်ခံတွင်းဆိုင်ရာ၊ လည်ချောင်းဆိုင်ရာ ကင်ဆာရောဂါများသည် အရေးကြီးကျန်းမာရေးပြဿနာများဖြစ်နေသော်လည်း သွားပိုးစားခြင်း စသည့် သွားရောဂါများသည်လည်း အရေးကြီးဆုံး ကမ္ဘာ့ကျန်းမာရေးပြဿနာဖြစ်နေဆဲဖြစ်သည်။ ဖွံ့ဖြိုးပြီးနိုင်ငံများမှ ပြည်သူများတွင် သွားနှင့်ခံတွင်းအပါအဝင် အထွေထွေကျန်းမာရေးအဆင့်အတန်းတိုးတက်သော်လည်း သွားပိုးစား၊ သွားအခေါင်းဖြစ်ခြင်း (dental caries) ဖြစ်ပွားမှုနှုန်းမှာ လူကြီးများတွင်သာမက ကျောင်းနေအရွယ်ကလေးများတွင် ၉၀ ရာခိုင်နှုန်း ဖြစ်ပွားလျက်ရှိနေသည်။ သွားရောဂါများဖြစ်ပွားမှုများခြင်း၊ ပဋိဇီဝဆေးဝါးများနှင့် ဓာတုဗေဒနည်းဖြင့် ရရှိသောဆေးဝါးများကို ဗက်တီးရီးယားတို့က ခံနိုင်ရည်ရှိလာခြင်းတို့ကြောင့် သွားရောဂါကာကွယ်ကုသရေးအတွက် အခြားနည်းလမ်းများရှာဖွေရန် ကမ္ဘာနှင့်အဝန်းလိုအပ်ချက်ဖြစ်လာသည်။ ဓာတုဗေဒဆေးဝါးများ၏ အခြားတစ်ဖက်တွင် သွားနှင့်ခံတွင်းရောဂါကာကွယ်ကုသဆေးများ ပေါ်ထွက်လာရန် အကောင်းဆုံးရွေးချယ်ရှာဖွေရန်မှာ တိုင်းရင်းဆေးသုံး ပရဆေးပင်များမှ ထွက်ရှိသည့် သဘာဝဓာတုဒြပ်ပေါင်းများသာဖြစ်ပေသည်" ဟု သုတေသီ Palombo က သုံးသပ်ထားပါသည်။

သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုပြုခဲ့ကြသည့် ဆေးပင်များကို တိုင်းရင်းဆေးနည်းများတွင် မှတ်တမ်းမှတ်ရာပြုခဲ့ကြကြောင်းတွေ့ရှိရပြီး သုတေသီများဖြစ်ကြသော S.Muharmmed နှင့် M.T Laural (၂၀၁၀) တို့က ကမ္ဘာ့နိုင်ငံအချို့တွင် သွားနှင့်ခံတွင်းကျန်းမာရေးအတွက် ပရဆေးပင်များသုံးစွဲနေမှုကို အောက်ပါအတိုင်း စုစည်းတင်ပြခဲ့ပါသည်။

သွားနှင့်ခံတွင်းကျန်းမာရေးအတွက် ပရဆေးပင်အသုံးပြုမှုနှင့် နိုင်ငံများ

No	Plants	Countries
1.	Azadirachta indica(Tama)	India, Indonesia, Malaysia, Australia, Srilanka, Myanmar, Pakistan & Africa
2.	Acorus calamus(Linnay)	Europe & North America
3.	Rumex crispus (Yellow dock)	Europe & North America
4.	Cinchona officinalis	South East Asia, Europe & North America
5.	Vitis vinifera (Sa-pyit) (Europen grape)	England, Central America
6.	Silphium sp.(gum) (Rosinweed)	North America
7.	Myroxylan balsamum	South America
8.	Croton xalapensis	Mexico
9.	Acacia pennata (Suboke-gyi)	Ghana
10.	Hisbiscus rostellatus	Ghana
11.	Lasianthera Africana	Ghana

ထို့ပြင် သုတေသီနှစ်ဦးဖြစ်သည့် V.Shama နှင့် B.D Joshi (၂၀၁၀) တို့ကလည်း အိန္ဒိယနိုင်ငံ ဟီးမားလေးယားအလယ်ပိုင်းတွင် သွားရောဂါများအတွက် ဆေးပင် အမျိုးပေါင်း ၁၅ မျိုးသုံးစွဲလျက်ရှိကြောင်း၊ သုတေသီ O.S Rawat နှင့်အဖွဲ့ (၂၀၁၀) တို့ကလည်း အိန္ဒိယနိုင်ငံ ဟီးမားချဲပရာဒက်နယ်မြေတွင် သွားရောဂါဆိုင်ရာအသုံးအတွက် ပရဆေးပင် ၃၂ မျိုးရှိကြောင်း တင်ပြထားသည့် အစီရင်ခံစာတို့ကိုလည်း ဖတ်ရှုမှတ်သားခဲ့ရပါသည်။ တိုင်းရင်းဆေးနည်း အတွေ့အကြုံများအရ လူအချို့က သွားနှင့်ခံတွင်း ကျန်းမာရေးအတွက် ပရဆေးပင်များကို သုံးစွဲနေကြသည်။ တခြားတစ်ဖက်မှာ သိပ္ပံသုတေသီတွေကလည်း တိုင်းရင်းဆေးနည်းလာ ပရဆေးပင်တို့၏ သွားနှင့်ခံတွင်းရောဂါများပေါ်တွင် အကျိုးအာနိသင်သက်ရောက်မှုတို့ကို သုတေသနပြု သက်သေပြလာကြပါသည်။ ပြည့်စုံစွာဖတ်ရှုရသည့် သုတေသီ Palombo ၏ စာတမ်းမှပင် သုတေသနပြုထားသည့် ဆေးပင်နှင့် ဆေးပင်မှ ထုတ်ယူသည့် အဆီအနှစ်များ (extracts) ၏ အာနိသင်ရှိပုံတို့ကို စုစည်း၍ အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

ဒေါက်တာမြတ်မြတ်အုန်းခင်

ဆေးပင် extracts များ၏ ဗက်တီးရီးယားပိုးများအပေါ် အာနိသင်

No	Plants extracts / Phytochemicals	Activity
1)	Cinnamon bark oil(Thit Kya bo)	Cario genic bacteria
2)	Papua-mace extracts	Cario genic bacteria
3)	Clove bud oil (Lay Hnyin)	Cario genic bacteria
4)	Drosera Peltata (Plumbagin)	Numerous bacteria of the oral cavity (S. mutans & S. sobrinus)
5)	Abies Canadensis	
6)	Albizia Julibrissin	
7)	Chelidonicum majus	Inhibited the growth of oral streptococci
8)	Ginkgo biloba	Inhibited the growth of oral streptococci
9)	Juniperus virginiana	Inhibited the growth of oral streptococci
10)	Pinus virginiana	Inhibited the growth of oral streptococci
11)	Posmarinus officinalis	Inhibited the growth of oral streptococci
12)	Sassafras albidum	Inhibited the growth of oral streptococci
13)	Tanacetum vulgare	Inhibited the growth of oral streptococci
14)	Thuja plicata	
15)	Coptidis rhizome	Periodantopatho genic bacteria
16)	Hamamelis virginiana	Porphyromonas spp. Prevetella spp Actinomyces odontotitycus
17)	Allium sativum (Kyet thun phyu)	Gram negative oral pathogens (including P. gingivitis)

မိမိတို့ မြန်မာနိုင်ငံတွင် ၁၉၉၄ ခုနှစ်က စာရေးသူဦးဆောင်သော သုတေသီအဖွဲ့သည် ဒန္တသုခ (Scoparia dulcis) ဆေးပင်ကို ပြုတ်ရည်ပြုလုပ်ပြီး အာနိသင်သက်ရောက်မှုကို သွားဖုံးရောင်ရမ်းနာ (Gingivitis) လူနာများတွင် သုတေသနပြုစမ်းသပ်ခဲ့ပါသည်။ ဆေးပြုတ်ရည်ကို အာလုတ်ကျင်းစေ၍ စမ်းသပ်ခဲ့ခြင်းဖြစ်ပါသည်။ ပုံမှန်ကျန်းမာသူ (control group) ၂၅ ဦးနှင့် သွားဖုံးရောင်လူနာ (test group) ၃၀ ဦးတို့တွင် ရက်သတ္တပတ် စမ်းသပ်ကာလသတ်မှတ်၍ သုတေသနပြုခဲ့ခြင်းဖြစ်ပါသည်။ သွားချေးစိစစ်မှတ်တမ်း (Plaque score) ပြုမှုနှင့် သွားဖုံးရောင် ရောင်ရမ်းသက်သာမှုကို တိုင်းတာခြင်းဖြစ်ပါသည်။ ထိန်းချုပ်လူနာအုပ်စုနှင့် စမ်းသပ်လူနာအုပ်စုတို့ကိုလည်း အပြန်အလှန်လဲလှယ်ကာ (cross-over experiment) စမ်းသပ်မှုပြုလုပ်ခဲ့ ပါသည်။ အနှစ်ချုပ်တွေ့ရှိချက်မှာ ဒန္တသုခဆေးပြုတ်ရည်သည် အနောက်တိုင်းဆေး ၀ ဒသမ ၀၂ ရာခိုင်နှုန်း ကလော်ဟက်ဆီးဒင်းဆေးရည်နှင့် အာနိသင်တန်းတူရှိကြောင်း စမ်းသပ်ဖော်ထုတ်နိုင်ခဲ့ပါသည်။ ဒန္တသုခဆေးပင် extract ၏ ဗက်တီးရီးယားပိုးမွှားများအပေါ်တွင် အာနိသင်ရှိပုံကို ဆေးစိမ်စက္ကူ (impregnated filter paper discs) စမ်းသပ်နည်းဖြင့် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)တွင် သုတေသနပြုခဲ့ရာ Escherichia coli, Klebsiella aeruginosa, Proteus morgani, Salmonella typhi, She gella flexneri, Shigella sonnei, Staphylococcus aureus, Vibrio cholerae များကို နှိမ်နင်းနိုင်ကြောင်းကို ဖော်ထုတ်နိုင်ခဲ့ပါသည်။ (စိတ်ဝင်စားဖွယ်ခံစားမိသည်မှာ မိမိတို့၏ ရှေးမြန်မာ့တိုင်းရင်းဆေးဆရာများသည် ၎င်းဆေးပင်၏ သွားကျန်းမာရေးကို ကောင်းကျိုးချမ်းသာပေး၍သာ ဒန္တသုခ (ဒန္တ=သွား/ သုခ=ကောင်းကျိုးချမ်းသာ)ဟု အမည်ပေးခဲ့ကြခြင်း ဖြစ်ပေသည်ဟူ၍ ဖြစ်ပါသည်။

မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများတွင် တိုင်းရင်းဆေးသုတေသနများ အတော်များများ လုပ်ဆောင်လျက်ရှိကြပါသည်။ သို့ရာတွင် သွားနှင့်ခံတွင်းဆိုင်ရာ တိုင်းရင်းဆေးသုတေသနမှာ အလွန့်အလွန် နည်းပါးနေပါသည်။ တိုင်းရင်းဆေးများသည် ရောဂါအတော်များများကာကွယ်၊ ကုသသည့်အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိနေရာ သွားနှင့်ခံတွင်းဆိုင်ရာ တိုင်းရင်းဆေးနည်း/တိုင်းရင်းဆေးပင်သုတေသနများ တိုးမြှင့်လုပ်ဆောင်ကြရန် လိုအပ်နေပါသည်။ စာရေးသူအနေဖြင့် သက်ဆိုင်ရာသုတေသီပညာရှင်တို့ ပူးပေါင်းဆောင်ရွက်ကြဖို့ တိုက်တွန်းအားပေးချင်ပါသည်။ တိုင်းရင်းဆေးနည်းဖြင့် အစဉ်အလာသုံးစွဲနေသော သွားနှင့်ခံတွင်းဆိုင်ရာကုထုံးများကို သိပ္ပံနည်းကျ သုတေသနပြုကြပြီး မိမိနိုင်ငံ ရေမြေတွင် ပေါက်ရောက်သည့် မြန်မာ့ပရဆေးပင်များဖြင့် ပြုလုပ်သော သွားနှင့်ခံတွင်းဆိုင်ရာ သွားတိုက်ဆေး၊ အာလုတ်ကျင်းဆေး၊ ငုံဆေး စသည်ဖြင့် များများစားစား ပေါ်ထွက်စေချင်ပါသည်။ ပြည်ပသွင်းကုန်များဖြစ်သည့် လူသုံးကုန်ပစ္စည်း (ဥပမာ သွားတိုက်ဆေးစသည်)၊ အားဆေးများ၊ အလှအပနှင့် ကျန်းမာရေးအထောက်အပံ့ပစ္စည်းများတွင် Herbal ပါဝင်မှုရှေ့တန်းတင်၍ အားသာချက်ရယူကာ ကြွေးကြော်ထုတ်လုပ် ကြော်ငြာနေကြသည့် ယနေ့ခေတ်ကာလဝယ် မြန်မာ့တိုင်းရင်းဆေး ပရဆေးပင်များဖြင့် သွားနှင့်ခံတွင်းဆိုင်ရာ လူသုံးပစ္စည်းနှင့်ဆေးဝါးများ ကျယ်ကျယ်ပြန့်ပြန့် ပေါ်ထွက်လာရေးဝိုင်းဝန်းအားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါသည်။

ကျမ်းကိုး

- Palombo E.A, T.M plant extracts and Natural Products with Activity against Oral Bacteria: Potential Application in the Prevention and Treatment of Oral Diseases (2011).
- Kata Purkh Singh Khalsa, Herbal Care of Teeth and Gums (1998)
- Muhammad S.& Lawal M.T, Oral Hygiene and the use of plants (2010)
- Vijay Sharma, Bishambhar Datt Joshi, TMs used for dental health care amongst the local people of Almora district of Central Himalaya in India (2010)
- Ohiraj S.Rewat, Anjna D.Kharwal and Suman Rawat, Ethnobotanical Studies on Dental Hygiene in District Hamirpur, Himachal Pradesh (H.P), India (2010)
- Myat Myat Ohn Khin, Thidar Swe, Cho Cho Yee, Myint Naing, Mya Thaw & Aung Lwin Oo, Comparison of in vivi inflammatory and antiplaque properties of Scoparia duclcin (Danta Thu Kha) extract and chlorhexidine mouthwashes on normal & gingivitis subjects (1994 Myanmar Health Research Congress)
- Myat Myat Ohn Khin, Thidar Swe & Win Myint (2012) Traditional Medicine and Oral Health, Impact of Oral Health and General Health, Myanmar Health Congress 2011, Program for Symposia.

ပြည်ထောင်စုနေ့ဂုဏ်ပြု အမြို့မြို့အနယ်နယ်၌ ကတ္တရာလမ်းများဖွင့်

ကယားပြည်နယ် လွိုင်ကော်မြို့ မြတ်လေးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်ကကျင်းပရာ ပြည်နယ်ဝန်ကြီးများ ကတ္တရာလမ်းသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကရင်ပြည်နယ် မြဝတီမြို့ ဗိုလ်ဗထူးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပရာ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်တင်နှင့် ဒေသခံပြည်သူများ တက်ရောက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ အင်းဝလမ်း ကတ္တရာထပ်ပိုးလွှာလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်ကကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးကြူ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်းဆွေတို့ လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကျုံပျော်မြို့နယ် ဆေးရုံရှေ့လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ရက်ကကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းစိန်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)



ကြံခင်းမြို့ ရွှေတောင်စုဖြတ်လမ်း (မြို့ပြ) ထပ်ပိုးလွှာကတ္တရာလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်ကကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးစောဟားနေတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

တပ်မတော်(ရေ)အရာရှိငယ်(စီမံခန့်ခွဲရေး)သင်တန်း အမှတ်စဉ်(၇၂)နှင့် တပ်မတော်(ရေ)အရာရှိငယ်(အင်ဂျင်နီယာ)သင်တန်း အမှတ်စဉ်(၄၆)သင်တန်းဆင်း အခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

တပ်မတော်(ရေ)အရာရှိငယ်(စီမံခန့်ခွဲရေး) သင်တန်းအမှတ်စဉ်(၇၂)နှင့် တပ်မတော်(ရေ)အရာရှိငယ်(အင်ဂျင်နီယာ) သင်တန်း အမှတ်စဉ်(၄၆)သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သန်လျင်မြို့ နယ်မြေခံ ရေတပ်လေ့ကျင့်ရေးကျောင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဉာဏ်ထွန်း တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ စစ်ဦးစီး အရာရှိချုပ်(ရေ)ဗိုလ်ချုပ်သူရသက်ဆွေ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦး၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ် ခင်မောင်ထွန်း၊ ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်တို့မှ တပ်မတော်အရာရှိကြီးများ၊ ကျောင်းဆင်း အရာရှိများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများသည် စစ်ရေးပြကွင်းအတွင်း ချီတက်နေရာယူပြီး နိုင်ငံတော်အလံအား အလေးပြုကြသည်။

ယင်းနောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယ ဗိုလ်ချုပ်ကြီးဉာဏ်ထွန်း ရောက်ရှိလာရာ ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများက အလေးပြုကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)က ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများကို စစ်ဆေးသည်။

ယင်းနောက် ကျောင်းဆင်း တပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများက ကာကွယ်ရေးဦးစီးချုပ်(ရေ) အား အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းသို့ တပ်ခွဲများက အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြစဉ် တပ်မတော်(ရေ)မှ စစ်ရေယာဉ်များက ရန်ကုန်မြစ်အတွင်းမှ ကာကွယ်ရေးဦးစီးချုပ်(ရေ)အား ပုံပြချီတက်မောင်းနှင့် အလေးပြုကြသည်။

ဆက်လက်၍ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ကာကွယ်ရေးဦးစီးချုပ် (ရေ)က တပ်မတော် (ရေ)အရာရှိငယ် (စီမံခန့်ခွဲရေး)သင်တန်းအမှတ်စဉ် (၇၂)မှ အကောင်းဆုံး ကျောင်းသားဆုရ ရေ(၄၈၇၇) ဗိုလ်ဇေညီညီကျော်အား လည်းကောင်း၊ တပ်မတော်(ရေ) အရာရှိငယ်(အင်ဂျင်နီယာ) သင်တန်း အမှတ်စဉ်(၄၆)မှ အကောင်းဆုံး ကျောင်းသားဆုရ ရေ(၄၉၂၇) ဗိုလ်အာကာတိုးအား လည်းကောင်း ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကိုယ်စား ကာကွယ်ရေး ဦးစီးချုပ်(ရေ)က သင်တန်းဆင်း မိန့်ခွန်းပြောကြားသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် အခမ်းအနားသို့ တက်ရောက်လာသော အရာရှိကြီးများသည် ကျောင်းဆင်းအရာရှိများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ကိုယ်စား) ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဉာဏ်ထွန်း တပ်မတော်(ရေ)အရာရှိငယ် (စီမံခန့်ခွဲရေး)သင်တန်း အမှတ်စဉ်(၇၂)နှင့် တပ်မတော်(ရေ)အရာရှိငယ် (အင်ဂျင်နီယာ)သင်တန်း အမှတ်စဉ်(၄၆) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

(၆၇)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး ဟူသော ဦးတည်ချက်များကို စွဲမြဲစွာ ခံယူစောင့်ထိန်းရေး၊

☆ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး၊

☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် တပ်မတော်၏ အဓိက တာဝန်ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေး၊

☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ် စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဆားဘီးယားနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျရောက်သော ဆားဘီးယားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့၌ ဆားဘီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဗွတ်ခ်ရဲရမစ်ချ် ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ကုလသမဂ္ဂလက်ထောက် အတွင်းရေးမှူးချုပ်နှင့် အိန္ဒိယနိုင်ငံသံအမတ်ကြီးတို့ သီးခြားစီလာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်၏ လက်ထောက်စီမံခန့်ခွဲရေးမှူး Mr. Ajay Chhibber နှင့်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးဆိုင်ရာကိစ္စရပ်များ၊ အသေးစားငွေရေးကြေးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာကိစ္စရပ်များ၊ ယင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၏ ပူးပေါင်းဆောင်ရွက်မှုများ၊ နောင်တွင်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များအား ညှိနှိုင်းဆွေးနွေးကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးအား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri သည် မွန်းလွဲ ၁ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး အိန္ဒိယအစိုးရမှ မြန်မာနိုင်ငံအစိုးရသို့ ချေးငွေပံ့ပိုးကူညီမှုဆိုင်ရာကိစ္စရပ်များ၊ ကုလားတန်မြစ်ကြောင်း ဘက်စုံဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဆိုင်ရာကိစ္စရပ်များ၊ ဘဏ်လုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များအား ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းနှင့် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူဇင်းဘတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

လူဇင်းဘတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr. Jean Asselborn ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီ မိနစ် ၂၀ တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ဓါတ်ပုံ)**

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၅-၂-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၃၀ ၃။ နံနက်ခင်းသတင်း
၈:၂၅ ၅။ စာဖတ်သံလေးမျှဝေပေး
၈:၃၅ ၆။ International News

ညပိုင်း

၄:၂၀ ၁။ တေးသရုပ်ဖော်အစီအစဉ်
၄:၃၀ ၂။ ၂၀၁၂ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (ဇီဝဗေဒဘာသာရပ်)
၆:၀၀ ၅။ ညနေခင်းသတင်း
၆:၁၅ ၆။ မိုးလေဝသအခြေအနေ
၆:၂၀ ၇။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၈:၀၀ ၈။ ပြည်တွင်းသတင်း
၉။ နိုင်ငံတကာသတင်းများ
၁၀။ မိုးလေဝသအခြေအနေ

စာအုပ် စာပေ လှူမိတ်ဆွေ

ထူးခြားသည့် ညအပူချိန်များ ၁၄-၂-၂၀၁၂

ပင်လောင်းမြို့	၃ ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့	၄ ဒီဂရီစင်တီဂရိတ်
လွိုင်လင်မြို့	၄ ဒီဂရီစင်တီဂရိတ်

ဖေဖော်ဝါရီ ၄ ရက်က အမက(၁) သာကေတတွင် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီမြင့်က ဒုတိယတန်းတွင် ဘက်စုံပထမဆုနှင့် ပထမတန်းတွင် ပညာရည်ချွန်ပထမဆု ရရှိသူ မောင်ဘုန်းထွဋ်ခေါင်အား ဆုချီးမြှင့်စဉ်။ (ပညာရေး)

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် (အတွင်းလူနာ)ကျောင်းသား ကျောင်းသူများ ဆေးရုံစာဖြေဌာနသုံးခု ဖွင့်လှစ်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ကျန်းမာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ စာစစ်အဖွဲ့တို့၏ ကြိုတင်ညှိနှိုင်းထားချက်အရ မတ် ၁၂ ရက်မှ ၂၂ ရက်အထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဆေးရုံတက်ရောက်၍ ဆေးဝါးကုသမှု ခံယူနေကြရသော ကျောင်းသား ကျောင်းသူများ နစ်နာမှုမရှိစေရန် ရည်ရွယ်လျက် ဆေးရုံစာဖြေဌာနသုံးခုကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီးနှင့် ဝေဘာဂီအထူးကုဆေးရုံကြီးတို့၌ ဖွင့်လှစ်ပေးရန် စီစဉ်ထားသည်။

စာမေးပွဲ ဝင်ရောက်ဖြေဆိုလိုကြသည့် ကျောင်းသား ကျောင်းသူ (အတွင်းလူနာ)များသည် အဆိုပါ ဆေးရုံကြီးများ၌ အထူးတာဝန်ချထားသော ဆေးလူမှုဆက်ဆံရေးအရာရှိများနှင့် ဆက်သွယ်ဆောင်ရွက် အကူအညီတောင်းခံနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြောက်ပိုင်းစွန်း ဒေသများတွင် မိုးရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မြန်မာ့အလင်း ဘဝအမောပြေ

အာကာဟိန်း ရေးသားသည်

မျိုးသိပ်မထားတတ်သူ

တစ်နေ့၌ မည်သည့်အကြောင်းအရာကိုမဆို မျိုးသိပ်မထားတတ်သူ အမျိုးသားတစ်ဦးသည် ရထားစီးလာစဉ် သူ၏ထိုင်ခုံဘေးနေရာလပ်တွင် ဂျာကင်အင်္ကျီဝတ်ဆင်ထားသော လူတစ်ဦးလာထိုင်လေသည်။

အမျိုးသား ။ ။ ဒီကမိတ်ဆွေ ဘယ်အထိသွားမှာလဲ။
ဂျာကင်ဝတ် ။ ။ ခရီးဆုံးအထိပါပဲဗျာ။
အမျိုးသား ။ ။ ကျွန်တော်ကတော့ ရှေ့ငါးဘူတာလောက်ဆိုရင် ဆင်းတော့မှာပါ။
ဂျာကင်ဝတ် ။ ။ အော်. . . ရောက်တော့မှာပေါ့။
အမျိုးသား ။ ။ ဟုတ်ကဲ့ . . . ဒီရထားကိုမီအောင် အပြေးအလွှားစီးလာရလို့ လက်မှတ်တောင် မပါခဲ့ပါဘူးဗျာ။
ဂျာကင်ဝတ် ။ ။ ဟုတ်လား
အမျိုးသား ။ ။ ဒါထက် . . . မိတ်ဆွေကော ရထားလက်မှတ်ပါရဲ့လား။
ဂျာကင်ဝတ် ။ ။ ကျွန်တော်က လက်မှတ်စစ်ပါ။
အမျိုးသား ။ ။ “ ဗျာ ”

သဘာဝပတ်ဝန်းကျင်အလှအပများ ဝေဆာပြီး နယ်စပ်ဒေသများနှင့် သွားလာဆက်သွယ်မှုလွယ်ကူချောမွေ့စေသော ဧရာဝတီမြစ်ကူး ဗလမင်းထင်တံတား

- ❖ ဗလမင်းထင်တံတားသည် ဗန်းမော်-မိုးမောက်-ဝိုင်းမော်-မြစ်ကြီးနား-ဆွမ်ပရာဘွမ်လမ်းပေါ်တွင် တည်ရှိပြီး မြစ်ကြီးနားအထက်ရှိ စီတာပူနှင့် ဧရာဝတီမြစ်တစ်ဖက်ကမ်း မိုင်းနားကို ဆက်သွယ်ပေးထားသည်။
- ❖ ဗလမင်းထင်တံတားကို တည်ဆောက်ပေးခြင်းကြောင့် မြစ်ကြီးနားမှ ဗန်းမော်-မိုးမိတ်-မန္တလေးသို့ လည်းကောင်း၊ မြစ်ကြီးနားမှ ဗန်းမော်-နမ့်ခမ်း-မူဆယ်သို့ လည်းကောင်း၊ ဝိုင်းမော်-ဆဒုံ-ကန်ပိုက်တီးမှ တရုတ်နိုင်ငံ ထိန်ချုံးခရိုင်သို့ လည်းကောင်း၊ ဝိုင်းမော်-မိုးမောက်-လွယ်ဂျယ်မှတစ်ဆင့် တရုတ်နိုင်ငံ လုံချွမ်ခရိုင်သို့ လည်းကောင်း တောက်လျှောက်လမ်းပေါက်ပြီး ကုန်သွယ်မှုကို များစွာအကျိုးပြုသည်။
- ❖ ကချင်ပြည်နယ်သည် ရေခဲဖုံးတောင်ထွတ်များ အပါအဝင် သဘာဝပတ်ဝန်းကျင်အလှအပများဖြင့် တိုင်းရင်းသားယဉ်ကျေးမှု အစုအဝေးတည်ရှိသည့်အတွက် ကမ္ဘာလှည့်ခရီးသည်များအား လွယ်ဂျယ်ဝင်ပေါက်မှတစ်ဆင့် ဝင်ရောက်လေ့လာနိုင်၍ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသော တံတားကြီးဖြစ်သည်။

မြစ်ကြီးနားမှ ဝိုင်းမော်သို့ ဆက်စပ်ပေးသည့် ဗလမင်းထင်တံတားကြီးမှာ ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ အားထားရာ။

ဗလမင်းထင်တံတားကြီး၏ ချဉ်းကပ်လမ်းမှ ဝိုင်းမော်အထွက်လမ်းမှာ ဖြောင့်ဖြူးညီညာ။

ဗလမင်းထင်တံတားကြီး၏ အဝင်မုခ်ဦးမှာ စိတ်ကြည်နူးဖွယ်ရာ။

ဗလမင်းထင် တံတား အချက်အလက်များ

၁။ တံတားအရှည်မှာ ၂၆၈၈ ပေရှိသည်။
၂။ သံမဏိသံပေါင်တံတားအမျိုးအစားဖြစ်သည်။
၃။ တံတားအကျယ်မှာ ယာဉ်သွားလမ်း ၂၈ ပေနှင့် လူသွားလမ်း ခြောက်ပေရှိသည်။
၄။ ဗလမင်းထင်တံတားကို ၇-၈-၁၉၉၅ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ပြီး စီမံကိန်းကာလ သုံးနှစ်ကြာဆောက်လုပ်၍ ၁၄-၁၁-၁၉၉၈ ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့သည်။

သတင်းမှတ်စု – မောင်ငြိမ်းအေး

ဧရာဝတီမြစ်ကူး ဗလမင်းထင်တံတားမှာ ငွားငွားစွင့်စွင့် ထည်ထည်ဝါဝါဖြင့် ကချင်ပြည်နယ်၏ ဂုဏ်ကိုဆောင်။

15-2 (09).pmd 1 2/15/2012, 2:30 AM

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် တောင်ညိုကျေးရွာ၌ အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် တောင်ညိုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁၀ နာရီခွဲတွင် အဆိုပါကျောင်း၌ ကျင်းပရာသမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်တက်ရောက်သည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဝင် ဒေါက်တာသန်းအောင်၊ ပညာရေးဝန်ကြီးဌာနပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းနှင့်မြို့မိ မြို့ဖ ဦးလှသိန်းဆွေတို့က နှစ်ထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

လှည့်လည်ကြည့်ရှု

ထို့နောက် ကျောင်းဆောင်သစ်ကမ္ပည်းမော်ကွန်းကို ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ အခြေခံပညာအထက်တန်းကျောင်း တောင်ညိုနှစ်ထပ် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသော စာရွက်စာတမ်းများကို နေပြည်တော်ကောင်စီဝင် ဦးစောလှက ပေးအပ်သည်။

ယင်းနောက် အလှူငွေပေးအပ်ခြင်း အခမ်းအနားကို ဆက်လက် ကျင်းပရာ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က နေပြည်တော်ကောင်စီက ဥတ္တရသီရိမြို့နယ် တောင်ညိုဒေသအတွင်း ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တောင်ညိုကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း အတွက် လိုအပ်ချက်များ ဖြည့်ဆည်းပေးထားသဖြင့် ပြည်သူများအပိုင်းကလည်း မိဘ၊ ဆရာ၊ ပြည်သူများပူးပေါင်းပြီး ဒေသအတွက် အားထားရမည့် ပညာတတ် လူချွန်လူကောင်းများ ပေါ်ထွန်းရေး ကြိုးစား ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် တောင်ညိုကျေးရွာရှိအခြေခံပညာအထက်တန်းကျောင်းတွင် အလျားပေ ၁၄၀၊ အနံပေ ၃၀နှင့် အမြင့် ၂၃ပေ ၅ လက်မရှိ နှစ်ထပ်အုတ်ညှပ်ကျောင်းဆောင်သစ်ကို နေပြည်တော်ကောင်စီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ပညာရေးဝန်ကြီးဌာန ခွင့်ပြုရန်ပုံငွေ၊ နေပြည်တော်ကောင်စီက လှူဒါန်းငွေ၊ နေပြည်တော် တည်ဆောက်ရေးကုမ္ပဏီများ၏ ထည့်ဝင်ငွေ၊ အများပြည်သူများ လှူဒါန်းငွေဖြင့် မိုးကြယ်စင်ကုမ္ပဏီက ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် စတင်တာဝန်ယူပြီး လုပ်ငန်းများပြီးစီးအောင် တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆကာကြီးအသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ဆကာကြီးအသင်း (ရန်ကုန်) ၏ (၄၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၅ ရက် (စနေနေ့) နံနက် ၈ နာရီ တွင် ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက်ဝင်းအတွင်းရှိ ဂန္ဓကုဋိတိုက်ခန်းမ၌ကျင်းပမည်ဖြစ်ရာ အသင်းဝင်များအားလုံးနှင့် ဆကာကြီးနယ်သူ နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အသင်းဝင်မိသားစုများ၊ တက္ကသိုလ်ပါရဂူဘွဲ့ရ ဆကာကြီးနယ်သူ နယ်သားများနှင့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော ဆကာကြီးနယ်သူ နယ်သားများ၏ သားသမီးများသည် အထောက်အထားများနှင့်အတူ ဖေဖော်ဝါရီ ၁၈ ရက် နောက်ဆုံးထား၍ ပေးပို့ကြရန်ဖြစ်ကြောင်း သိရှိရသည်။ **(ဆကာကြီးအေးကျို)**

တာချီလိတ်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်စည်းဝေး

တာချီလိတ် ဖေဖော်ဝါရီ ၁၄

ရှမ်းပြည်နယ် တာချီလိတ်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ နှစ်ပတ်လည် လုပ်ငန်းအစည်းအဝေးကို ဇန်နဝါရီ ၂၄ ရက်နံနက် ၉နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်စာပေနှင့် စာနယ်ဇင်း ဥက္ကဋ္ဌ ဦးထိန်မင်း (မင်းအေးငြိမ်းဈေ)က အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးမောင်ကြည်(မောင်ဆွေငြိမ်း)က တစ်နှစ်တာလုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။ ယင်းနောက် ဘဏ္ဍာရေးမှူး ရဲအုပ်စံသိန်း (မောင်ဖိုးစံ-ဒူးယား)က ငွေစာရင်း ရှင်းတမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာသူများက တစ်နှစ်တာလုပ်ငန်းဆောင်ရွက်ချက်များအပေါ် သုံးသပ်ပြီး ရှေ့ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု မြောင်းမြမြို့ ဗိုလ်ဗထူးလမ်း ကတ္တရာထပ်ပိုးလွှာလမ်းဖွင့်

မြောင်းမြ ဖေဖော်ဝါရီ ၁၄

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သော ဗိုလ်ဗထူးလမ်းကတ္တရာထပ်ပိုးလွှာ လမ်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၈ နာရီက အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးအောင်သူဝင်းက ဗိုလ်ဗထူးလမ်းနှင့်ပတ်သက်သည့်အချက်အလက်များကို ရှင်းလင်းတင်ပြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုလတ်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်လင်းမောင်၊ ရပ်မိရပ်ဖ ဦးကောင်းဝေတို့က ဗိုလ်ဗထူးလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** အဆိုပါလမ်းမှာ အရှည်ပေ ၁၃၀၀၊ အကျယ် ၁၂ ပေ၊ ထု ၃ လက်မရှိပြီး အဖွဲ့ရန်ပုံငွေကျပ် ၁၀၅ ဒသမ ၃ သိန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု ကော့ကရိတ်မြို့နယ်၌ လမ်းဖွင့်ပွဲကျင်းပ

ကော့ကရိတ် ဖေဖော်ဝါရီ ၁၄

(၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကော့ကရိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် အရှည်ပေ ၁၁၈၀၊ အကျယ် ၁၄ပေ၊ ထု ၇လက်မရှိ ကုန်ကျငွေကျပ်တန်ဖိုး ၁၂၅၆၆၀၀၀ရှိ သိပ္ပံလမ်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက်က ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦးက လမ်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် သိပ္ပံလမ်းကို ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် စည်ပင်အမှုဆောင်အရာရှိတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကလေးများနေ့အခမ်းအနား လှည်းကူးမြို့နယ်၌ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကလေးများနေ့အထိမ်းအမှတ်အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက်က မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မေတ္တာရေစမ်း အဆင့်မြင့်မူကြိုကျောင်း၌ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွန့်က အမှာစကားပြောကြားသည်။ ထို့နောက် ရင်သွေးငယ်ကလေးများက သရုပ်ပြဖျော်ဖြေပြီး ရင်သွေးငယ်ကလေးများအား လက်ဆောင်ပစ္စည်းများပေးအပ်ခြင်း၊ အာဟာရများကျွေးမွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရန်စွယ်

ပြည်ထောင်စုနေ့အခမ်းအနား အမြို့မြို့အနယ်နယ်၌ ကျင်းပ

ဖေဖော်ဝါရီ ၁၂ရက်က (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ ကွင်းပြင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သည့် ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လွင် ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ဖေဖော်ဝါရီ ၁၂ ရက်က (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို တာချီလိတ်မြို့ ဘုရင့်နောင်မင်းတရားကြီးရုပ်တုရင်ပြင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင် ဖတ်ကြားစဉ်။ (၀၆၀)

ဖေဖော်ဝါရီ ၁၂ ရက်က (၆၅) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို မော်လမြိုင်ကျွန်းမြို့ လွတ်လပ်ရေးပန်းခြံဝင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေးမောင် ဖတ်ကြားစဉ်။ (၀၆၅)

ဖေဖော်ဝါရီ ၁၂ ရက်က (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းရှေ့ စုဝေးကွင်းပြင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော ပြည်ထောင်စုနေ့ သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်း ဖတ်ကြားစဉ်။ (၁၀)

ဖေဖော်ဝါရီ ၁၂ ရက်က (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ပျော်ဘွယ်မြို့နယ် လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်း ဖတ်ကြားစဉ်။ (၄၄၀)

ဖေဖော်ဝါရီ ၁၂ရက်က (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ရွှေကျင်မြို့နယ် ရှမ်း/ကြေးရပ်ကွက် လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင် ဖတ်ကြားစဉ်။ (၀၀၁)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပ
ဆည်တမံများတည်ဆောက်ရာ၌ အကျိုးဖြစ်ထွန်းမှုကို ဦးစားပေးတည်ဆောက်သင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၅၅၆)ဦးတို့ တက်ရောက်ကြသည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ဆွေးနွေး

ယနေ့အစည်းအဝေး၌ ဖေဖော်ဝါရီ ၁၀ ရက်က တင်သွင်းခဲ့သော ကော့ကရိတ်မဲဆန္ဒနယ်မှ ဦးသူရိန်ဇော်၏ "လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့သော မြစ်ရေတင် စီမံကိန်းများနှင့် ရေလှောင်တမံ၊ ရေလွှဲဆည်များအား ပြည်ထောင်စု စာရင်းစစ်ချုပ်မှ စစ်ဆေးတွေ့ရှိချက်အပေါ် ပြည်သူ့လွှတ်တော် ပြည်သူ့ ငွေစာရင်းကော်မတီ၏ သုံးသပ်အကြံပြုချက်များသည် ပြည်သူတစ်ရပ်လုံး အတွက် အရေးကြီးသောအချက်များဖြစ်သဖြင့် အများပြည်သူအကျိုးငှာ ပြည်ထောင်စုအစိုးရအဖွဲ့က ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန်"အဆိုနှင့် စပ်လျဉ်း၍ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသိန်းအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးကျော်သူဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာ အေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင်၊ ဒီပဲယင်း မဲဆန္ဒနယ်မှ ဦးသန်းထွန်း၊ မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းကျော်မြင့်နှင့် မြောင် မဲဆန္ဒနယ်မှ ဦးအုန်းငွေတို့က ဆွေးနွေးကြသည်။

ထောက်ခံ

ယင်းသို့ဆွေးနွေးရာတွင် ဆည်တမံများ တည်ဆောက်ရာ၌ အကျိုး ဖြစ်ထွန်းမှုကို ဦးစားပေးတည်ဆောက်သင့်ကြောင်း၊ မြစ်ရေတင်စီမံကိန်း များ တည်ဆောက်ရာတွင် ကုန်ကျစရိတ်နှင့် အကျိုးထိရောက်မှုကို ချိန်ဆဆောင်ရွက်သင့်ကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၏ စစ်ဆေး တွေ့ရှိချက်သည် ဆည်အချို့ပေါ်တွင် အခြေခံထားသဖြင့် ကျန်ဆည် တမံများကိုလည်း ထပ်မံစိစစ်သင့်ပါကြောင်း၊ မြစ်ရေတင်စီမံကိန်းများ သည် ရေအလိုနည်းသီးနှံများအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်၍ ချိန်ဆတွက်ချက်ရာတွင် စပါးကိုအခြေမခံဘဲ ရေအလိုနည်းသီးနှံများကိုသာ အခြေခံတွက်ချက်သင့်ပါကြောင်း၊ ဆည်တမံအသစ်များ တည်ဆောက် သည့်အပြင် တည်ဆောက်ပြီးသားဆည်တမံများကိုလည်း မူလရည်မှန်း ချက်အတိုင်း အသုံးပြုနိုင်အောင် ဆောင်ရွက်သွားသင့်ပါကြောင်း၊ တည်ဆောက်ဆဲ ဆည်တမံ စီမံကိန်းများကိုလည်း ပြီးပြတ်အောင် ဆောင်ရွက်သွားသင့်ပါကြောင်း၊ မူဝါဒရေးဆွဲခြင်း၊ အကောင်အထည်ဖော် ခြင်းများ ဆောင်ရွက်ရာတွင် လူထု၏ပါဝင်မှု၊ ပုဂ္ဂလိကကဏ္ဍ၏ အကြံပြု ချက်ကို ထည့်သွင်းစဉ်းစားပေးသင့်ပါကြောင်း၊ ရေငန်တား တမံများကို လည်း ဆည်တမံများ တည်ဆောက်သကဲ့သို့ပင် စနစ်တကျတွက်ချက်၍ စက်ယန္တရားကြီးများအသုံးပြုကာ ဆောင်ရွက်သင့်ပါကြောင်း အဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးကြသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ရပ်နားပြီး အစည်း အဝေး (၁၂)ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာဗီဂျေနမ်ဘီးယားနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဗီဂျေနမ်ဘီးယားနှင့် အဖွဲ့ဝင်များအား ယနေ့မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဗီဂျေနမ်ဘီးယားနှင့် အဖွဲ့ဝင်များအား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ကြိုးပမ်းအားထုတ်

ထိုသို့တွေ့ဆုံရာတွင် မစ္စတာဗီဂျေနမ်ဘီးယားက မြန်မာနိုင်ငံ၌ အပြုသဘောဆောင်သည့် တိုးတက်ဖြစ်ပေါ်ပြောင်းလဲမှုများနှင့် ဒေသ တွင်းသာမက အပြည်ပြည်ဆိုင်ရာဆက်ဆံမှုများတွင်လည်း ကောင်းမွန် ပြည့်စုံသည့် အခြေအနေကောင်းများကို စတင်မြင်တွေ့နေရကြောင်း၊ မကြာမီကျင်းပတော့မည့် ကြားဖြတ်ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် UNDP အနေဖြင့် အစွမ်းကုန်ကူညီပေးသွားမည် ဖြစ်ကြောင်းပြောကြားပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ကုလသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးပြောင်းလဲဖြစ်ပေါ်တိုးတက် နေမှုများအပေါ် အသိအမှတ်ပြုကာ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဆောင်ရွက် ရာတွင် ကူညီမည့်ကိစ္စရပ်များအတွက် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါ ကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကဏ္ဍများတွင် ပိုမိုတိုးတက်အောင်မြင်စေရေးအတွက် လွှတ်တော်မှ တစ်ခန်းတစ်ကဏ္ဍ ကြိုးပမ်းအားထုတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

တက်ရောက်

တွေ့ဆုံပွဲအခမ်းအနားသို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူး အကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ်နှင့်အတူ ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူး Mr. Ashok Nigan နှင့်တာဝန်ရှိသူများ တက်ရောက်ကြ ပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ကော်မတီများမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**